# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို နံနက် ၁၀း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၁) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၉၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၀-၁-၂၀၁၃ ရက်နေ့မှာ ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၉၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၆ ဦးရှိပါတယ်ခင်ဗျား။ ခွင့်ပန်ကြားသူ ၃၆ ဦးအနက် ၂၆ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရေကြည်မဲဆန္ဒနယ် ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၃) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၄) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၅) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၆) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစောရွှေ ခွင့် ၁ ရက်၊

(၈) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၉) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၂ ရက်နှင့်

(၁၀) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၃ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၀ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

### မောက်မယ်မြို့နယ်၊ မြို့နယ်သမဝါယမဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင် မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနရုံး ဆောက်လုပ်ခွင့်နှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မောက်မယ်မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနရုံးသည် မြို့နယ်ဝန်ထမ်းရုံးပေါင်းစုံ ရုံးဝင်းအတွင်း၌တည်ရှိပြီး ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးအဆောင်ဖြစ်ပါသည်။ ယခင်ကမူလတန်းကျောင်းဆောင် အဆောက်အဦဟောင်းဖြစ်ပြီး နှစ်ကာလကြာညောင်းပြီဖြစ်ရာ ဘက်ပေါင်းစုံမှပျက်စီး ယိုယွင်းနေပြီဖြစ်ပါသည်။ မြို့နယ်ရုံးပေါင်းစုံဝင်းအတွင်း၌ တစ်ခုတည်းသာကျန်ရှိတော့သည့် အဆောက်အဦဟောင်းဖြစ်ပါတယ်ခင်ဗျား။ လက်ရှိမြေကွက် ၀.၄၅ ဧကပေါ်တွင် ရုံးပြန်လည်ဆောက်လုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းတစ်ရပ်ကို လွှတ်တော်မှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ မောက်မယ်မြို့နယ်မြို့နယ်သမဝါယမဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရမှ မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ကူညီပံ့ပိုးနိုင်မည်ကိုသိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊သမဝါယမဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ မောက်မယ်မြို့နယ်၊ မြို့နယ်သမဝါယမဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရမှ မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ ကူညီပံ့ပိုးပေးနိုင်မည်နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဒုတိယ ၆ လပတ်မှစတင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့လက်အောက်ရှိ ဌာန၊ အဖွဲ့အစည်းများရဲ့ အဆောက်အဦများဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းအပါအဝင်လုပ်ငန်းများ ဆောက်ရွက်မှုများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မောက်မယ်မြို့နယ် သမဝါယမဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သင့်ကြောင်းအကြံပြုပြောကြားလိုပါတယ်။

မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းတဲ့ မောက်မယ်မြို့နယ် သမဝါယမဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနကလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေရရှိရေးအတွက် ပြည်နယ်အစိုးရသို့ တင်ပြတောင်းခံရန်နှင့် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအခြေအနေအရ ခွင့်ပြုချက်ရရှိချက်များအပေါ်မူတည်ပြီး ဆက်လက်အရေးယူဆောင်ရွက်သွားရန် သမဝါယမဝန်ကြီးဌာနအနေနဲ့ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနရုံးသို့ အကြောင်းကြားပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်သက်ဆိုင်သည့်အကြောင်းအရာ ၂ ခုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များဟာ ပြည်သူနဲ့ထိတွေ့ပြီးတော့မှ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေကို ဖော်ထုတ်ပြပြီးတော့ ယနေ့ ဒီမိုကရေစီနိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံခန့်ခွဲသူများဖြစ်ကြတဲ့ အစိုးရအဖွဲ့ကို ပြည်သူ့ဆန္ဒလိုလားချက်တွေ ဒါတွေတော့ရှိပါတယ်။ ဒါတွေကိုတော့ ဘယ်လိုဆောက်ရွက်ပေးကြပါ။ ဘယ်ဟာတွေကတော့ လွှတ်တော်နဲ့ပူးပေါင်းဆောင်ရွက်ကြပါလို့ဆိုလိုတဲ့ ကူညီထောက်မတဲ့မေးခွန်း များပဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြည်သူ့ဘဏ္ဍာငွေနဲ့တည်ထောင်ထားတဲ့ နိုင်ငံပိုင်သတင်းစာတွေ ကလည်း ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေတင်ပြနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးမြန်းချက် တွေကို ဖော်ပြခြင်းမရှိတော့ပါဘူး။ နိုင်ငံပိုင်သတင်းစာတွေမှာ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒတွေ ဆိတ်သုဉ်းနေတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဒီနေ့ ပြည်သူတွေက နိုင်ငံတော်မှာ ဒီမိုကရေစီ အစိုးရသစ်တက်လာပြီးနောက်ပိုင်းမှာ လျှပ်စစ်ဓာတ်အားအပြည့်အဝရလိမ့်မယ်လို့ ရွေးကောက်ပွဲအပြီးမှာအထူးပဲမျှော်လင့်ခဲ့ပါတယ်။ ယနေ့ ၂ နှစ် တာကာလနီးပါးကြာတဲ့တိုင်အောင် လျှပ်စစ်ဓာတ်အားမလုံလောက်မှုနဲ့ ကြုံတွေ့နေရဆဲပဲဖြစ်ပါတယ်။ နောက်လာမယ့်နှစ်တွေမှာ ယခုလိုလျှပ်စစ်ဓာတ်အားမလုံလောက်မှုမျိုးမရှိအောင် ဘယ်လိုစီမံ ဆောင်ရွက်ပေးနေပါသလဲဆိုတာ ကို ပြည်သူတွေကအသိချင်ဆုံးဖြစ်ပါတယ်။ FDI Law ဟာ ပေါ်ပေါက်လာပြီဖြစ်သော်လည်းပဲ မြန်မာနိုင်ငံမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိလို့ရှိရင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဘယ်လိုမှမျှော်လင့်လို့ရမှာမဟုတ်ပါဘူး။ ပြည်တွင်း ကုန်ထုတ်လုပ်မှုတွေလည်း ကျဆင်း လာမှာ ဖြစ်ပါတယ်။ အဲ့ဒီအခက်အခဲတွေကို အမြန်ဆုံးကျော်လွှားနိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းတွေကို ရေတိုစီမံကိန်းဖြစ်တဲ့ ဆိုလာပါဝါ၊ ဂက်စ်တာဘိုင်နှင့် ရေရှည်စီမံကိန်းဖြစ်တဲ့ ဟိုက်ဒိုပါဝါတွေကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒါလည်း တည်ဆောက်နေဆဲလည်းရှိတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ဒီစီမံကိန်းတွေရဲ့လိုအပ်ချက်တွေကို ကျွန်တော်တို့ လွှတ်တော်နဲ့ပူးပေါင်းပြီး တော့ အမြန်ဆုံးပြီးစီးရေးအတွက် ဘတ်ဂျက်တွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့လည်း လိုအပ်မယ်လို့ ထင်မြင်ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဓာတ်အားမလုံလောက်မှုကြောင့် ဓာတ်အား

ပြုတ်တောက်မှုတွေရှိလာတဲ့အခါမှာ လာဘ်ပေးလာဘ်ယူမှုဆိုတာ ပေါ်ပေါက်မှုရှိလာပါတယ်။ ယခု အချိန်အခါမှာ မြန်မာနိုင်ငံအနှံ့အပြားမှာ ဘုရားပွဲတော်တွေကျင်းပနေတဲ့အချိန်လည်းဖြစ်ပါတယ်။ ဒီလို ဘုရားပွဲတော်တွေကျင်းပတဲ့အချိန်အခါမှာ ဓာတ်အားပုံမှန်ဖြတ်ဖို့အတွက် အထက်ပိုင်းကညွှန်ကြားတာ ၃ နာရီလို့ညွှန်ကြားရင် အကြောင်းအမျိုးမျိုးပြပြီးတော့ ဓာတ်အားဖြတ်ချိန်တွေ ပိုမိုဖြတ်ကြတာ ရှိပါ တယ်။ အဲ့လိုလုပ်မှာစိုးရိမ်တဲ့အတွက်ကြောင့် ဓာတ်အားခွဲရုံတွေကို ဘုရားကငွေတွေကို ပူဇော်ပသ နေရတာတွေရှိပါတယ်။ ဒါဘာကြောင့်ဖြစ်သလဲဆိုရင် ဓာတ်အားမလုံလောက်မှုကို အခွင့်ကောင်းယူပြီး တော့ လာဘ်ပေးလာဘ်ယူမှုကို ပုဒ်မ ၄ ပေးမှလုပ်၊ အပိုင်းလေး အပေးလိုင်းဆိုတဲ့ အရပ်ထဲကပြောနေ တဲ့စကားလိုပဲဖြစ်ပေါ်နေတာရှိကြောင်း ဤလွှတ်တော်မှတစ်ဆင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လက်ရှိ အခြေအနေမှန်တွေကိုသိမှ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုဖြစ်မှာမို့လို့ အခြေအနေတွေကို မကွယ်မဝှက် အသိပေးတင်ပြခြင်းဖြစ်ပါတယ်။ အခြေအနေမှန်တွေကို ဖုံးကွယ်ပြီးတော့ သကာလောင်းတင်ပြချက် တွေကြောင့် အမှားကိုအမှန်ထင်ပြီးတော့ ခေတ်စနစ်တွေပျက်စီးခဲ့ရတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်း ၂ ခုကတော့ (က) ယခုအခါ အများပြည်သူကို လျှပ်စစ် မီးလုံလောက်စွာပေးမည်ဆိုသော်လည်း ပျော်ဘွယ်မြို့တွင် နေ့ရောညပါ မီးမကြာခဏပျက်လေ့ ရှိပါ တယ်။ တစ်နေ့ ၂ နာရီကြာ၊ တစ်ခါတစ်ရံ ၁၅ မိနစ်ကြာ တစ်နေ့ ၃ ကြိမ် လောက်ကြုံရပါတယ်။ ပျက်ချိန်အတိအကျမရှိပါဘူး။ ယခုဆောင်းတွင်းမှာတောင်မှ ယခုလိုပျက်နေရင် နွေရာသီမှာ မီးမလာ၊ ရေမလာဖြစ်မှာကို ပြည်သူတွေကစိုးရိမ်ထိတ်လန့်နေပါတယ်။ ဘာကြောင့် မီးပျက်တယ်ဆိုတာကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှ အများပြည်သူသို့အသံချဲ့စက်ဖြင့် လှည့်လည် ကြေညာခြင်း၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ အချိန်နှင့်တစ်ပြေးညီအသိပေးခြင်း များပြုလုပ်သင့်တယ်လို့ ထင်မြင်ယူဆပါတယ်။ ထိုသို့ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် အများပြည်သူ များစိတ်ချမ်းမြေ့စွာနေထိုင်ရေး လျှပ်စစ်မီးစဉ်ဆက်မပြတ်ရရှိအောင် မည်သို့ဆောင်ရွက်စီစဉ်ပေးမည် ကိုသိရှိလိုကြောင်း ပထမမေးခွန်းဖြစ်ပါတယ်။ (ခ) အနေနဲ့ ယခု FDI Law ပေါ်ပေါက်လာပြီ ဖြစ်ပါ တယ်။ ၂၀၁၅ မှာ AFTA မှာ လွတ်လပ်တဲ့ အာဆီယံစီးပွားရေးဇုန်အတွင်းသို့ ဝင်ရောက်ရာတွင် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုခွင့်ရမှသာ အထောက်အကူ ပြုနိုင်မှာဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း လျှပ်စစ်ဓာတ်အားပြည့်ဝမှာသာလာရောက် ရင်းနှီးမြှုပ်နှံကြမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုနှစ်လို စက်မှုလုပ်ငန်းများ ဓာတ်အားဖြတ်တောက် လျှော့ချခြင်းများသည် နိုင်ငံတော်ဖွံ့ဖြိုးမှုကို အနှောင့်အယှက်အဟန့်အတား ဖြစ်စေပါတယ်။ နောင်နှစ်

မှာ ဤသို့မဖြစ်အောင် မည့်ကဲ့သို့စီမံထားရှိသည်ကိုသိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးတဲ့မေးခွန်းရဲ့ ရည်ရွယ်ချက်ကောင်းပါတယ်။ မေးပုံမေးနည်းကတော့ ပြန်လည်ပြုပြင်ပြီးတော့ နောင်ကျလို့ရှိရင် မေးပုံမေးနည်းကို အခုလို မဟုတ်ဘဲနဲ့ ထိခိုက်မှုမရှိအောင်ဆောင်ရွက်ဖို့လိုပါတယ်။ ရည်ရွယ်ချက်ကောင်းပါတယ်။ မေးပုံမေးနည်း နောင်ဒီလိုမဖြစ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အသိပေးခြင်းဖြစ်ပါတယ်။ ဒီ ဦးမြင့်စိုးမေးတဲ့မေးခွန်းအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်ဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးမြန်းသောမေးခွန်းအတွက် ကျွန်တော်တို့မြန်မာနိုင်ငံမှာ လက်ရှိဓာတ်အားထုတ်လုပ်မှုဟာ ရေအားလျှပ်စစ်ရုံများအပေါ်မှာ ၇၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့စက်ရုံနှင့် ကျောက်မီးသွေးစက်ရုံမှထုတ်လုပ်မှု ၂၈ ရာခိုင်နှုန်းရှိပြီးတော့ စုစုပေါင်း ဓာတ်အားထုတ်လုပ်မှုဟာ နေ့စဉ်ပျမ်းမျှ ၃၂၀၀၀ မဂ္ဂါဝပ်နာရီခန့်ရှိပါတယ်။ ရေအားစက်ရုံများရဲ့ သဘာဝအရ မိုးကာလမှာစွမ်းအားပြည့်ထုတ်လုပ်နိုင်ခြင်းကြောင့် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်သော်လည်း နွေရာသီမှာ ရေအားလျော့နည်းလာခြင်းကြောင့် ရေအားလျှပ်စစ်စက်ရုံများရဲ့ ဓာတ်အားထုတ်လုပ်မှုဟာ လျော့နည်းလာပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှာ ဓာတ်အားလိုအပ်ချက်ဟာ ၁၈၉၀ မဂ္ဂါဝပ်ရှိသော်လည်း အများဆုံးဓာတ်အားထုတ်လုပ်ပေးနိုင်မှုဟာ ၁၆၃၀ မဂ္ဂါဝပ်သာ ရှိတဲ့အတွက် ၂၆၀ မဂ္ဂါဝပ် လျော့နည်းနေပါတယ်။ လျော့နည်းနေတဲ့ ဓာတ်အားထုတ်လုပ်မှုအတွက် အများပြည်သူသုံးဓာတ်အားသုံးစွဲချိန်မှာ မြစ်ရေတင်များ၊ စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ညနေ ၅ နာရီကနေပြီးတော့ ည ၁၁ နာရီအထိ ဓာတ်အားသုံးစွဲမှုမပြုရန် တားမြစ်ထားပါတယ်။ သို့ရာတွင် ထုတ်လုပ်မှုနှင့် သုံးစွဲမှုအား မျှတမှုမရှိသောအချိန်များမှာလည်းကောင်း၊

ဓာတ်အားစနစ်ရဲ့စက်ရုံများ ဓာတ်အားစနစ်အတွင်းချိတ်ဆက်ချိန် **စင်ခရူနိုက်စ်** ပြုလုပ်ချိန်များတွင်လည်းကောင်း၊ ဓာတ်အားစနစ်၌ လိုင်း သို့မဟုတ် စက်ရုံတစ်ခုခုတွင် အပြစ်ချို့ယွင်းမှုဖြစ်ရာမှာ ဓာတ်အားစနစ်တစ်ခုလုံး ပြတ်တောက်မှုဖြစ်သည့် အချိန်များတွင်လည်းကောင်း၊ ရုတ်ချည်းဝန်အား လျော့ကျခဲ့ခြင်းကြောင့် ရုတ်တရက်ဓာတ်အား ပြတ်တောက်မှုများမှာ မီးသုံးစွဲသူများကို ကြိုတင်အကြောင်းကြားနိုင်မှုမရှိနိုင်ပါ။ နွေရာသီဓာတ်အား မလုံလောက်၍ အများပြည်သူအလှည့်ကျဓာတ်အားပေးရမည့်အချိန်များ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်တဲ့အချိန်များမှာ ဓာတ်အားဖြတ်တောက်ရပါက ရေဒီယို၊ သတင်းစာများတွင်ထည့်သွင်း ကြော်ငြာ၍လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများမှတစ်ဆင့် ပြည်သူသို့ အသိပေးရေးဆောင်ရွက်ရန်နှင့် ဓာတ်အားပြတ်တောက်ချိန်ကြန့်ကြာမှုရှိတဲ့အခါမျိုးမှာ အသံချဲ့စက်ဖြင့်လှည့်လှည်ကြော်ငြာခြင်းများကို ဆောင်ရွက်ရန်ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နွေရာသီမှာဓာတ်အား ထုတ်လုပ်နိုင်မှုအပေါ်မူတည်ပြီးတော့ အဆင်ပြေစွာဓာတ်အားပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ၂၀၁၃ ခုနှစ် နွေရာသီအတွင်း ဓာတ်အားပေးနိုင်ရန် လှော်ကား ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းကို Myanmar Central Power Co., Ltd ဖြင့်လည်းကောင်း၊ ရွာမ ၅၀ မီဂါဝပ်စီမံကိန်းကို UPP Holding Co., Ltd ဖြင့်လည်းကောင်း၊ သာကေတ ၅၀ မဂ္ဂါဝပ်စီမံကိန်းကို Consultant International Co., Ltd မှလည်းကောင်း၊ အလုံ ၁၂၀ မဂ္ဂါဝပ်စီမံကိန်းကို Toyo Thai Public Co., Ltd မှလည်းကောင်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ထိုင်းနိုင်ငံမှလွှဲပြောင်းပေးတဲ့ ၁၂၀ မဂ္ဂါဝပ်စက် ၂ လုံးကို ရွာမဓာတ်အားပေးစက်ရုံမှာ ပြန်လည်တပ်ဆင်သည့်စီမံကိန်းအား ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ပြီးစီးရန်အတွက်လည်းကောင်း၊ Hydro Langcang Co., Ltd နဲ့ပူးပေါင်းဆောင်ရွက်တဲ့ လှော်ကား ၅၀၀ မဂ္ဂါဝပ်စက်ရုံစီမံကိန်း၊ BKB Co., Ltd နဲ့ပူးပေါင်းဆောင်ရွက်မယ့် သာကေတ ၅၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းတို့ကို ၂၀၁၄ မှ ၂၀၁၆ ခုနှစ်အတွင်း အဆင့်လိုက်ပြီးစီးရန်အတွက် လည်းကောင်း နောက်လာမယ့်နှစ်များမှာ ဓာတ်အားထုတ်လုပ်မှု လုံလောက်စွာရရှိရေးအတွက် ရည်ရွယ်ပြီးဆောက်ရွက်လျက်ရှိပါကြောင်း ဖြေကြားနိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**သူငွေးရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာရှေ့အလားအလာများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်အတွင်းမှာရှိတဲ့ သူငွေးရေအားလျှပ်စစ်စီမံကိန်းရှေ့ အလားအလာနှင့် ပတ်သက်ပြီးတော့ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်း ဆောင်ရွက်နေတဲ့ စီမံကိန်းကတော့ သူငွေးရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် လေ့လာသိရှိသရွေ့ သူငွေးရေအားလျှပ်စစ်စီမံကိန်းအနေနဲ့ ၂၄-၁၂-၂၀၀၄ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၀၄)နဲ့ ခွင့်ပြုခဲ့တဲ့ သံတွဲမြို့ရဲ့ အရှေ့မြောက်ဘက် ၁၂ မိုင်အကွာ မှာရှိတဲ့ သူငွေးချောင်းပေါ်မှာ တမံအလျား ၂၀၂၈ ပေ၊ တမံအမြင့် ၂၉၈ ပေ၊ ဇုန်အမျိုးအစား ရေလှောင်တမံ၊ ရေအားလျှပ်စစ်တပ်ဆင်အား ၁၀၀ မဂ္ဂါဝပ်ဓာတ်အားထုတ်လုပ်ပေးနိုင်မယ့် စီမံကိန်း ဖြစ်ပါတယ်။ ဒီစီမံကိန်းတည်ဆောက်မယ့်နေရာမှာ ချောင်းအတွင်းမှာ ၆.၁၂ လက်မအရွယ်ရှိတဲ့ ကျောက်စရစ်ထုကြီးရှိနေတဲ့အတွက် ပေ ၁၅၀ ခန့် တည်ရှိနေတဲ့အတွက် အနက် ၁၅၃ ပေ၊ အထူ ၃.၃ ပေ ရှိတဲ့ တမံအုတ်မြစ်ရေစိမ့်ရေတားနံရံ တည်ဆောက်ခြင်းကို နည်းစနစ်အသစ်များဖြင့် ဆောင်ရွက်ခဲ့ တာဖြစ်တဲ့အတွက် ထူးခြားတဲ့ဝိသေသရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ကြောင်းလည်း သိရပါ တယ်။ သူငွေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်ခဲ့ရာ ယနေ့အချိန်အထိ စီမံကိန်း ကာလ ကိုးနှစ်ခန့်ရှိပြီလည်းဖြစ်ပါတယ်။ ရေလှောင်တမံရဲ့ Dam Sheet ပြုပြင်ခြင်း၊ အဓိကကျတဲ့ တမံအုတ်မြစ်ရေစိမ့်ရေတားစနစ် ပြီးစီးခြင်းနှင့်အတူ ရေပိုလွှဲလုပ်ငန်းအချို့အနက် ပြီးစီးသော်လည်းပဲ သူငွေးချောင်းအား ရေလွှဲနိုင်ရန်အတွက် အချင်း ၃၃ ပေ၊ အလျား ၂၀၂၈ ပေ၊ ၁၇၉၄ ပေ အသီးသီး ရှိတဲ့ ရေလွှဲဥမင်လှိုင်နှစ်ခု တည်ဆောက်ခြင်းနှင့် ရေလျှံထိန်းဖောက်လုပ်ရာမှာ အခက်အခဲ ပေါင်း များစွာတွေ့ရှိနေပြီးတော့ ခရီးတွင်ကျယ်မှုမရှိဖြစ်နေကြောင်း လေ့လာသိရှိရပါတယ်။ ဒီနေရာမှာ နည်းပညာပိုင်းအရ လိုအပ်ချက်များကိုလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန် ကြိုးစား ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။ ဒီနေရာမှာ အင်ဂျင်နီယာဘူမိဗေဒ အခြေအနေညံ့ဖျင်းမှု ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနဲ့ တိုင်းရင်းသားကုမ္ပဏီတစ်ခုတို့ စာချုပ်ချုပ်ဆိုပြီးတော့ ပြည်တွင်း ကုမ္ပဏီကနေပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ထင်ရှားတဲ့ကုမ္ပဏီကြီး တစ်ခုကို

အလုပ်အပ်နှံကြောင်းလည်း သိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာ တင်သွင်းသွားတဲ့အဆိုအရ ရေအားလျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်သုံးရပ်အနက် ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ဆောင်ရွက်မယ့် စီမံကိန်း လက်ကျန် ၁၀ ခု မဂ္ဂါဝပ်အားဖြင့် ၂၂၂၆၂ မဂ္ဂါဝပ်အထက်ပေါင်းလောင်း နန်ချို၊ ရွှေလီ(၃)၊ ဖြူးချောင်း၊ အထက်ရဲရွာ၊ ဘောဂထ၊ မဏိပူရ၊ သူဌေး၊ အမ်းချောင်း၊ ကျိုင်းတောင်းတို့ကို တိုင်းရင်းသားကုမ္ပဏီ များသို့ B.O.T စနစ်ဖြင့် လည်းကောင်း၊ နိုင်ငံခြားကုမ္ပဏီများကို JV/B.O.T စနစ်ဖြင့် လည်းကောင်း လွှဲပြောင်းလုပ်ကိုင်ခွင့် မပြုရန်ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်အပေါ်မှာ လျှပ်စစ်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လက်ရှိဆောင်ရွက်ဆဲစီမံကိန်း ၁၀ ခုအနက် နောက်ဆုံးမဏိပူရမပါဘူး။ ဝန်ကြီးဌာနကိုယ်တိုင် လုပ်ကိုင်မယ်လို့လည်း အဆိုအား မှတ်တမ်းတင်အဖြစ်ထားရှိကြောင်းလည်း သိရှိရပါတယ်။ ပြည်သူ့လွှတ်တော်မှာလည်းပဲ အဲဒီအဆိုကိုလက်ခံခဲ့ပါတယ်။ ယခုလည်းပဲ လျှပ်စစ် ဝန်ကြီးဌာနအနေနဲ့ ကိုယ်တိုင်ဆောင်ရွက်တဲ့သဘောပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ အောက်ပါမေးခွန်းများကို ကျွန်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ် ပါတယ်။ သူဌေးစီမံကိန်းရဲ့ ရှေ့မတိုးသာ၊ နောက်မဆုတ်သာ ဖြစ်နေသည်ဟုယူဆသော အဓိက အခက်အခဲများဖြစ်တဲ့ ရေလွှဲဥမင်လိုဏ်နှင့် ရေလျှံထိန်းလုပ်ငန်းအတွက် တိုင်းရင်းသားကုမ္ပဏီနဲ့ တရုတ်ကုမ္ပဏီတို့ Contract စာချုပ်စာတမ်းအရ တာဝန်ယူထားတဲ့အခြေအနေ၊ ရခိုင်ပြည်နယ် ဒေသအတွင်း အဓိကကျတဲ့ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်အမြန်ရရှိသုံးစွဲနိုင်ရေးအတွက် စီမံကိန်းကို B.O.T သို့မဟုတ် JV/BOT စနစ်တစ်ခုခုကို လွှဲပြောင်းပေးရန် အစီအစဉ်ရှိခြင်းကြောင့် ယခုလိုကြန့်ကြာနေခြင်းဖြစ်၊ မဖြစ်နဲ့ ဘဏ္ဍာငွေခွဲဝေရရှိမှုနည်းပါးခြင်းကြောင့် ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ။ ဘဏ္ဍာငွေခွဲဝေမှုနည်းပါးခြင်းမှန်ကန်မှု ရှိ၊ မရှိ။ သူဌေးစီမံကိန်းကို ပြည်ထောင်စုဝန်ကြီးက ပြည်သူ့လွှတ်တော်တွင် ကတိပြုခဲ့သည့်အတိုင်း ဝန်ကြီးဌာနကိုယ်တိုင် ပါဝင်ဆောင်ရွက်မည်၊ မဆောင်ရွက်မည်။ မည်သည့်ခုနှစ်တွင် ရေလှောင်တမံနှင့် ဆက်စပ်ရသော အဆောက်အဦများပြီးစီး၍ မည်သည့်ခုနှစ်တွင် ဓာတ်အားစတင်ထုတ်လုပ်နိုင်မည်ကို မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ထပ်မံဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်ဇော်ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်မှ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှင်းလင်းဖြေကြားရာတွင် Power Point Slide ဖြင့်ပြသရန်လိုအပ်ပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

သူဌေးရေအားလျှပ်စစ်စီမံကိန်းဟာ ရခိုင်ပြည်နယ်၊ သံတွဲမြို့ရဲ့ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာမှာ သူဌေးချောင်းပေါ်မှာတည်ရှိတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ စီမံကိန်းဆိုင်ရာအချက်အလက်များ တင်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ မိုးရေချိန်လက်မ နှစ်စဉ်ပျမ်းမျှ အဲဒီဒေသမှာ ၂၁၂ လက်မ အင်မတန်မှပဲ မိုးရေချိန်များ ပါတယ်။ တမံအမျိုးအစားကတော့ ဇုန်အမျိုးအစားတမံဖြစ်ပြီးတော့ တမံအလျား ၂၀၂၈ ပေ၊ တမံအမြင့် ၂၉၈ ပေဖြစ်ပါတယ်။ ရေပိုလွှဲအမျိုးအစားကတော့ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီးတော့ ရေလွှဲဥမင်လိုဏ် ၂ လုံး ပါပါတယ်။ ကျွန်တော်တို့ အမှတ်(၁) ရေလွှဲဥမင်လိုဏ်ကတော့ အချင်း ၃၃ ပေနဲ့ အလျား ၂၃၁၆ ပေ၊ အမှတ်(၂) ရေလွှဲဥမင်လိုဏ်ကတော့ အချင်း ၃၃ ပေ၊ အလျား ၁၇၉၁ ပေ ဖြစ်ပါတယ်။ တပ်ဆင်စက်အင်အား ၁၁၁ မဂ္ဂါဝပ်ဖြစ်ပြီးတော့ ၃၇ မဂ္ဂါဝပ် စက် ၃ လုံးဖြစ်ပါတယ်။ နှစ်စဉ်ထုတ်လုပ်နိုင်မယ့်ဓာတ်အား ၃၈၆ သန်းကီလိုဝပ်နာရီ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးအေးမောက် ဆွေးနွေးမေးမြန်းသွားတဲ့အထဲမှာပါတဲ့ တမံအုတ်မြစ်စိမ့်ရေတားနံရံအကြောင်း အနည်းငယ်တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သူဌေးရေအားလျှပ်စစ်စီမံကိန်းရဲ့ပင်မတမံရဲ့ အောက်ဘက်အရှေ့ဘက်ပိုင်းမှာ တမံအုတ်မြစ်စိမ့်ကွန်ကရစ်ရေတားနံရံလုပ်ငန်း ပါရှိပါတယ်။ ကျွန်တော်တို့ ချောင်းအချို့၊ မြစ်အချို့ရဲ့အောက်ခံ ကျောက်သားဟာ အထူးသဖြင့် ရခိုင်ပြည်နယ်မှာဆိုလို့ရှိရင် ကျွန်တော်တို့ Technical Term အရ ဆိုရင် Alluvial Thinkness လို့ခေါ်ပါတယ်။ အနယ်ကျတဲ့အပိုင်းဟာ အင်မတန်ထူ

ပါတယ်။ ဒါကြောင့်မို့လို့ တမံရေသိုလှောင်တဲ့အခါမှာ စိမ့်ရေများ တမံအောက်ခြေကနေပြီးတော့ ဖြတ်သန်းထွက်မသွားဖို့အတွက်ကို အဲဒီစိမ့်ရေတားကွန်ကရစ်နံရံ တည်ဆောက်ရတာ ဖြစ်ပါတယ်။ အနက်ဆုံး အပိုင်းအနေနဲ့ ၁၅၃ ပေအထိ ရှိပါတယ်။ အဲဒီလုပ်ငန်းကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ထူးခြားတဲ့ဝိသေသလို့လည်း ခုနက ရှင်းလင်းသွားတဲ့အထဲမှာ ပါပါတယ်။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ နေပြည်တော်အနီးမှာရှိတဲ့ ငလိုက်ဆည်ဆိုရင်လည်း အဲဒီစိမ့်ရေတားကွန်ကရစ် နံရံပါပါတယ်။ ကျွန်တော်တို့ သဖန်းဆိပ်ပင်မတမံဆိုလို့ရှိရင်လည်း အဲဒီ စိမ့်ရေတားကွန်ကရစ်နံရံ Diaphragm Wall စနစ်ကို ကျင့်သုံးရတာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းဆောင်ရွက်ဖို့ရာအတွက်ကို ကျွန်တော်တို့ အထူး Equipment ဖြစ်တဲ့ Trench Cutter လို့ခေါ်တဲ့ အလေးချိန် ၇၅ တန်ရှိတဲ့ စက်ကို ပို့ဆောင်ပြီးတော့ ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။

တင်ပြပါပုံကတော့ ဆောင်ရွက်ထားပြီးဖြစ်တဲ့ စိမ့်ရေတားကွန်ကရစ်ကိုဖော်ပြခြင်း ဖြစ်ပါတယ်။ အလျား ၆၄၈ ပေရှိပါတယ်။ အထူအားဖြင့် ၁ မီတာ(၃ ပေနှင့် ၃ လက်မ)ရှိပါတယ်။ အနက်ဆုံးအပိုင်း ၁၅၃ ပေအထိ ဆောင်ရွက်ခဲ့ရပြီးတော့ ၂၀၀၉ ခုနှစ် ဧပြီလမှာ ရာခိုင်နှုန်းပြည့်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ထားပြီးသွားလို့ရှိရင် အဲဒီအပေါ်မှာ သူဌေးချောင်းရဲ့ရေဟာ မိုးရာသီကာလမှာဖြတ်သန်းမှာဖြစ်တဲ့အတွက်ကြောင့် အဲဒီနံရံကို ကာကွယ်ဖို့အတွက် Chain Link များ အတွင်းမှာထည့်ထားတဲ့ ကျောက်ကြီးများထည့်ပြီးတော့ ဖုံးအုပ်ကာကွယ်ထားတဲ့လုပ်ငန်းလည်း ဆောင်ရွက်ထားပါတယ်။ အဲဒီလိုပြီးတဲ့အခါမှာ ကျွန်တော်တို့ စိမ့်ရေတားကွန်ကရစ်နံရံကို ရေလုံမှု ပိုသေချာစေရန်အတွက် Grouting လုပ်ငန်း ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်းတွေ လုပ်ရပါတယ်။ ဆောင်ရွက်ရမယ့်လုပ်ငန်းပမာဏ ၂၆၅၀၀၀ ပေရှိပါတယ်။ ဆောင်ရွက်ပြီး ၅၂၅၀၀ ပေရှိပါတယ်။ ဆောင်ရွက်ဆဲလည်း ဖြစ်ပါတယ်။ လုပ်ငန်းရဲ့ ၂၀ ရာခိုင်နှုန်း ပြီးစီးနေတဲ့အနေအထားလည်း ဖြစ်ပါတယ်။

ဒုတိယပင်မတမံလုပ်ငန်းပါခင်ဗျား။ ပင်မတမံရဲ့တည်နေရာပြပုံဖြစ်ပါတယ်။ ပင်မတမံက ကျွန်တော်တို့ Zoned Type အမျိုးအစားတမံဖြစ်ပါတယ်။ အသေးစိတ်တော့ ဖို့မယ့်ဟာတွေ ကျွန်တော်တို့ မတင်ပြတော့ပါဘူး။ စုစုပေါင်းပမာဏဟာ ၂၆၈၃၄၀၀ ကျင်းရှိပါတယ်။ ကျွန်တော်တို့ ကျင်းပေါင်း ၂၇ သိန်းခန့်ဖို့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဖို့ရာအတွက်ကို ဒီတမံရဲ့ အပေါ်ယံမြေလွှာဖယ်ရှားခြင်းလုပ်ငန်းဟာ ၃၅၉၄၀၀ ကျင်း ကျွန်တော်တို့ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်လို့ရတဲ့အပိုင်း ၁၄၂၂၄၂ ကျင်းကို ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျန်တဲ့ လုပ်ငန်းတွေကတော့ ရေလွှဲပြီးမှပဲ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း

အတွက် ဆောင်ရွက်မယ့်အစီအစဉ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ သံတွဲဒေသရဲ့ ရာသီဥတု အခြေအနေအရ နှစ်စဉ်တမံဖို့နိုင်မယ့်ကာလဟာ နိုဝင်ဘာလလယ်ကနေပြီးတော့ ဧပြီလကုန်အထိ ၆ လခန့်သာ လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တမံအမျိုးအစားဟာလည်း ဇုန်အမျိုးအစား တမံဖြစ်တဲ့အတွက်ကြောင့် တစ်လကို ကျင်း ၁၀၀၀၀၀ ခန့်သာ ကျွန်တော်တို့ဖို့နိုင်မှာ ဖြစ်ပါတယ်။

ဘဏ္ဍာရေးနှစ်အလိုက် ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာစတင်ဖို့ လျာထားပြီးတော့နှစ်အလိုက် ကျွန်တော်တို့ ဆက်လက်ပြီး ဖို့သွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးသော စဖို့မယ့်နှစ်က တမံရဲ့အောက်ခြေကို ပြုပြင်ရမယ့်၊ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေ အချို့ရှိတဲ့အတွက်ကြောင့် စစချင်းနှစ်မှာ ကျင်း ၄၀၀၀၀၀ ခန့်ပဲဖို့နိုင်မှာဖြစ်ပြီးတော့ ကျန်တဲ့နှစ်တွေမှာ လျာထားထားတဲ့အတိုင်း ကျင်း ၆၀၀၀၀၀ ခန့်နှင့် စုစုပေါင်း ကျင်း ၂၇ သိန်းကို ဖို့ရမှာဖြစ်ပါတယ်။ နောက်ဆုံးနှစ်ဖြစ်တဲ့ ၂၀၁၈-၂၀၁၉ မှာ အဲဒီ တမံဖို့တာ ပြီးစီးအောင် လုပ်ဖို့လျာထားထားပါတယ်။ လုပ်ငန်းသဘောသဘာဝအရ တမံပြီးစီးတဲ့နှစ်ဟာ စီမံကိန်းလည်း ပြီးစီးတာပါပဲ။ လျှပ်စစ်လည်း ထုတ်မယ့်နှစ်လည်း ဖြစ်ပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ ရေထိန်းတံခါးပွွန်လုပ်ငန်း ဖြစ်ပါတယ်။ Surge Shaft လို့ ခေါ်ပါတယ်။ တင်ပြပါ ပုံကတော့ ရေထိန်းတံခါးပွွန်ရဲ့ ဖြတ်ပိုင်းပုံ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဝါရောင်ခြယ်ထားတဲ့ အပေါ်ပိုင်း အပိုင်းလေးဟာ မြေကြီးကျောက်သားတူးဖော်တဲ့အခြေအနေ ကျင်းပေါင်း ၁၇၄၆၈ ကျင်း ကျွန်တော်တို့ ရှင်းလင်းထားပါတယ်။ ရေထိန်းတံခါးပွွန်ရဲ့အချင်းကတော့ ၅၂ ပေ၊ အမြင့် ပေ ၂၀၀ ရှိပါတယ်။ အဲဒီတူးဖော်တဲ့ကျောက်သားကျင်း ၁၇၀၀၀ ကျော်ဆောင်ရွက်စဉ်မှာပဲ Geological Condition မကောင်းတဲ့အနေအထားနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဒီစီမံကိန်းနှင့်ပတ်သက်ပြီး Consultant အဖြစ် In House Engineering Services အဖြစ်ဆောင်ရွက်နေတဲ့ New Japanese Engineering Consultant အဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အဖွဲ့နှင့် ကျွန်တော်တို့ ဒီဇိုင်းပိုင်းဆိုင်ရာတွေ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ အခုအခါမှာတော့ ပြီးပြတ်ပါပြီ။ လိုအပ်ရင် အဲဒီမှာလည်းပဲ Special Grouting ဒီထက်အထူးလိုအပ်ရင် Chemical Grouting တွေအထိ လုပ်ပြီးဆောင်ရွက်ဖို့ အစီအစဉ်တွေ ဆုံးဖြတ်ထားပါတယ်။ ရေပိုလွှဲလုပ်ငန်း ဖြစ်ပါတယ်။ ရေပိုလွှဲလုပ်ငန်းကတော့ အကျယ် ၆၆ ပေ ရှိပြီးတော့ အလျားပေ ၂၀၀၀ ကျော် ရှိပါတယ်။ ကျွန်တော်တို့ မြေကြီးကျောက်သား တူးဖော်ရန်မှာ ၁၂၉၄၀၀၀ ကျင်းတူးရမှာ ဖြစ်ပါတယ်။ ယနေ့အထိ ၇၇၅၂၆၀ ကျင်း ၆၀ ရာခိုင်နှုန်းခန့် ကျွန်တော်တို့ ပြီးစီးထားပြီး ဖြစ်ပါတယ်။ ဒီအနေအထားမှာလည်းပဲ

ဆက်လက်ဆောင်ရွက်နေတဲ့ အနေအထားရှိပါတယ်။ အဓိကကျတဲ့ ရေလွှဲဥမင်လိုဏ်ဂူ (၁) နဲ့ (၂) လုပ်ငန်းများတင်ပြမှာဖြစ်ပါတယ်။

ရေလွှဲဥမင်လိုဏ်စနစ်ပုံဖြစ်ပါတယ်။ ရေလွှဲဥမင်လိုဏ်အမှတ်(၁)နှင့် အမှတ်(၂)မှာ ရေလွှဲတဲ့အချိန်မှာ ဥမင်လိုဏ် ၂ ခုစလုံးကို အသုံးပြုပြီးတော့ ရေလွှဲပြီးလို့အချိန်မှာ ဥမင်လိုဏ်အမှတ်(၂)ကို ဓာတ်အားထုတ်လုပ်ဖို့အတွက် ရေယူဥမင်လိုဏ်အဖြစ် အသုံးပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဥမင်လိုဏ်အမှတ်(၁)ရဲ့ ဖြတ်ပိုင်းပုံ ဖြစ်ပါတယ်။ သူကတော့ မြင်းခွာပုံဖြစ်တဲ့ Horse shoes ပုံဖြစ်ပြီးတော့ အလျား ၂၃၁၆ ပေ ရှိပါတယ်။ Concrete Lining ပြုလုပ်တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဥမင်လိုဏ်အမှတ်(၂)ဖြစ်ပါတယ်။ သူကတော့ Circle ပုံ ဖြစ်ပါတယ်။ ကျွန်တော်တို့ အရှည်အားဖြင့် ၁၇၉၁ ပေရှိပြီးတော့ Concrete Lining ရော၊ Steel Lining ရောတွဲဖက်ပြီး တော့ ပါဝင်တဲ့ ဥမင်လိုဏ်အမျိုးအစား ဖြစ်ပါတယ်။

ဒါဥမင်လိုဏ်အမှတ်(၂)ရဲ့ ဘူမိဗေဒဖြတ်ပိုင်းပုံ တင်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီမှာ ကြုံတွေ့နေရတဲ့အခက်အခဲကတော့ ဘူမိဗေဒသွင်ပြင်အခက်အခဲပဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ တွေ့မြင်တဲ့အတိုင်းပဲ ဒီကျောက် Rock Mass အဆင့်အတန်းဟာ ကျွန်တော်တို့ အကောင်းဆုံးအနေအထား 3 နားလည်လွယ်အောင်တင်ပြထားတာ ဖြစ်ပါတယ်။ 3 ဖြစ်ပြီးတော့ 4 နှင့် 5 အင်မတန်မှပဲ ညံ့ဖျင်းပါတယ်။ ကျွန်တော်တို့တစ်တွေ စပြီးတော့ အဝင်ပိုင်း စလုပ်ကတည်းက အညံ့ဆုံးအနေနဲ့ ပိုပြီးညံ့တဲ့အပိုင်းတွေ 4 တွေ 5 တွေနဲ့ပဲကြုံတွေ့ရမယ် ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ ရှင်းလင်းတင်ပြထားတာဖြစ်ပါတယ်။ ဥမင်လိုဏ်တစ်ခု ဖောက်တဲ့နေရာမှာ ပထမဦးဆုံးအနေနဲ့ လုပ်ရတဲ့အလုပ်ကတော့ ဥမင်လိုဏ်မျက်နှာဝါသစ်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ ဒီမျက်နှာစာအပိုင်းကိုစပြီးတော့ မြေကြီးကျောက်သား ကျွန်တော်တို့ စပြီးတော့ တူးဖော်ရပါတယ်။ အဲဒီလိုလုပ်ပြီးတဲ့အခါမှာ ဥမင်လိုဏ်ရဲ့အဝမျက်နှာစာမှာ ခိုင်ခံ့မှုလုပ်ငန်းတွေ လုပ်ရပါတယ်။ ကျွန်တော်တို့ ၁ လက်မ အချင်းရှိတဲ့ သံချောင်းကို အနက် ပေ ၄၀ အထိ ထိုးစိုက်ပြီးတော့ Anchor Bolt တွေ စိုက်ရပါတယ်။

ပြီးရင် အောက်ခံ ၁ လက်မလောက် ကွန်ကရစ်လောင်းပြီးတဲ့အခါမှာ အဲဒီအပေါ်မှာ wire mesh လို့ခေါ်တဲ့ သံချောင်းတွေနဲ့ Mesh လုပ်ရပါတယ်။ အဲဒီနောက်မှာ ထပ်ပြီးတော့ Shot Crete လို့ခေါ်တဲ့ ၆ လက်မ အထူကွန်ကရစ်နှင့် ကျွန်တော်တို့ မှုတ်ရပါတယ်။ အဲဒီလိုလုပ်ပြီးသွားတဲ့အချိန်မှာ အဲဒီ Tunnel ဖောက်မယ့်ထိပ်ပိုင်းမှာ အချင်း ၃ လက်မနဲ့ အနက် ၆၆ ပေရှိတဲ့ ပိုက်များထိုးသွင်းပြီး

တော့ Grouting လုပ်ရပါတယ်။ Pile Poling လို့လည်း ခေါ်ပါတယ်။ အဲဒီလုပ်ငန်းတွေ ဆက်လုပ်ပြီးတဲ့အခါမှာ ပြီးစီးသွားတဲ့အချိန်မှာ အဲဒီဥမင်လိုဏ်ရဲ့အဝကို စပြီးတော့ တူးဖော်ရပါတယ်။ ဒါစတင်တူးဖော်တုန်းက မှတ်တမ်းပုံများကို တင်ပြထားခြင်း ဖြစ်ပါတယ်။ အနီရောင်မြှားလိုင်းနဲ့ဟာ အထဲထဲမှာရှိတဲ့ကျောက်သားအလွှာ တွေရဲ့ဖြစ်စဉ်ကို သိသာလွယ်အောင် ထင်ရှားပြသခြင်း ဖြစ်ပါတယ်။ ၁၆ စက္ကန့် ဗွီဒီယိုမှတ်တမ်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြိုတင်ပြီးတော့ ခန့်မှန်းသိရှိတဲ့ အတွက်ကြောင့် ဒီမှတ်တမ်းလေးကို နှစ်နာရီကြာ တင်ထားနိုင်တဲ့တွက် ယခုကဲ့သို့ တင်ပြနိုင်ခြင်း ဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ဗွီဒီယိုမှတ်တမ်း ပုံ ကတော့ ၂၀၀၉ ခုနှစ်၊ မေလပိုင်းက ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ ပြိုကျသွားတဲ့အပေါ်မှာ ထပ်မံပြီးတော့ တစ်ကြိမ်ထပ်ပြီးတော့ ကြိုးစားပါတယ်။ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်၊ မေလမှာ အဲဒီလိုတော့ မပြိုခဲ့ဘဲနဲ့ ဘေးဘက်ကနေပြီးတော့ ပြိုတဲ့အနေအထားတွေ ဖြစ်ပေါ်ခဲ့ ပါတယ်။ အဲဒီလိုပဲ အတွင်းပိုင်းထဲမှာလည်းပဲ အမိုးပိုင်းကနေပြီးတော့ ရေလျှောကျရတဲ့အပေါက်ကြီး ဖြစ်သွားတဲ့ အနေအထား ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေကတော့ Tunnel လုပ်ငန်းတွေကတော့ ကျွန်တော်တို့ရဲ့အတွေ့အကြုံတွေအရ ရှေ့လီ(၁)မှာ အဲဒီလိုပဲပြိုခဲ့ပါတယ်။ သောက်ရေခပ်(၂)မှာ လည်းပဲ အမိုးပိုင်းအထိ ပြိုခဲ့တဲ့အနေအထားလေးတွေရှိပါတယ်။ အဲ့ဒီလိုအပေါ်မှာ ကျွန်တော်တို့ ပြန်လည်ပြီးတော့ သုံးသပ်ရပါတယ်။ ကျွန်တော်တို့ လက်ရှိပုံမှန်နဲ့သွားလို့ လုပ်လို့မရတော့ပါဘူး။ ဒါကြောင့်မို့လို့ အသေးစိတ် Drill Hole Test တွေ၊ Additional Drill Hole Test တွေ၊ Information Data တွေ ရယူပြီးတော့ မည်သည့်စနစ်နဲ့သွားမလဲဆိုတာကို ကျွန်တော်တို့ Shear pile လို့ခေါ်တဲ့ သံမဏိသံပေါင်များ ထိုးသွင်းတဲ့စနစ် Pre stress Tendon လို့ခေါ်တဲ့ သံမဏိကြိုးကြီးများနဲ့ စုစည်းထည့်သွင်းတဲ့လုပ်ငန်းများကို ဆောင်ရွက်ဖို့ လိုပြီဆိုတာကို ကျွန်တော်တို့ Consultant နဲ့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ပညာရှင်များ နောက်ဆုံးသုံးသပ်တွေ့ရှိပါတယ်။ အဲဒီလုပ်ငန်းတွေ လုပ်ဖို့ရာအတွက်ကို ကျွန်တော်တို့မှာ ပစ္စည်းမရှိပါဘူး။ Equipment မရှိပါဘူး။ လုပ်တတ်တဲ့ အတွေ့အကြုံ၊ နည်းပညာမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီဟာတွေကို ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်တဲ့ အတွက်ကြောင့် တိုင်းရင်းသားကုမ္ပဏီတစ်ခုဖြစ်တဲ့ IGE ကုမ္ပဏီနဲ့ တရုတ်အဖွဲ့ကို ချိတ်ဆက်ပြီးတော့ အဲဒီလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် အထူးခိုင်ခံ့မှုလုပ်ငန်းသုံးပစ္စည်းတွေ(Material) တွေကို ကျွန်တော်တို့စတင်ပြီးတော့ ဝယ်ယူဖို့စာချုပ်ချုပ်ဆိုပြီးတော့ စာချုပ်တန်ဖိုးပမာဏအမေရိကန် ဒေါ်လာ ၅.၁၅ သန်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့အထိ အားလုံးပစ္စည်းများ ရောက်ရှိပြီး ပေးချေပြီးလည်း ဖြစ်ပါတယ်။ အဲဒီလိုပဲ အဲဒီလုပ်ငန်းကို မလုပ်တတ်သေးတဲ့အတွက်ကြောင့်မို့လို့

ကျွန်တော်တို့ ဒါအဲဒီလုပ်ငန်းနဲ့ ဆောင်ရွက်ဖို့အတွက်လည်း စာချုပ်တန်ဖိုး ၄.၉၆၀၄၀၀ သန်းနဲ့ ဒါကျွန်တော်တို့ ချုပ်ဆိုခဲ့ပါတယ်။ ငွေပေးချေသည့်အနေအထားအရ ၂.၄၂၄ သန်း ဖြစ်ပါတယ်။ စာချုပ်အရလည်း ကျွန်တော်တို့ မလုပ်တတ်သေးရင်တော့ ကျွန်တော်တို့ လေ့လာမယ်။ သင်ယူမယ်။ ပြီးရင်တော့ ကျွန်တော်တို့ လုပ်တတ်သွားရင်တော့ ဝန်ကြီးဌာနအနေနဲ့ ဝင်လုပ်မယ်ဆိုပြီးတော့ ဒါကျွန်တော်တို့တွေ အနည်းဆုံး ၂၀ ရာခိုင်နှုန်းဝင်လုပ်ဖို့ စကတည်းကနေပြီးတော့ သဘောတူထားပါတယ်။ တူထားတဲ့ အလျောက် ဒါကျွန်တော်တို့တွေ ပိုဝင်ပြီးတော့ လုပ်ခဲ့တဲ့အတွက်ကြောင့် အခုဆိုရင် ကျွန်တော်တို့တွေ ကောင်းကောင်းလုပ်တတ်သွားပြီလည်းဖြစ်ပါတယ်။ အလားတူ ဥပမာမျိုးလည်းပဲ ရဲရွာမှာဆိုရင် RCC တမံလုပ်တဲ့နေရာမှာ ပထမတော့ တရုတ်ကို ကျွန်တော်တို့ ခေါ်ပြီးတော့ ဒါလုပ်ရပါတယ်။ ကျွန်တော်တို့ လေ့လာပါတယ်။ သင်ယူပါတယ်။ ကော်ပီလုပ်ပါတယ်။ ယခုအခါမှာ ဒုတိယမြောက်ကျွန်တော်တို့ နိုင်ငံရဲ့ RCC ကွန်ကရစ်တမံဖြစ်တဲ့ အထက်ပေါင်းလောင်း ယနေ့ ကျွန်တော်တို့ ဝန်ကြီးဌာနက ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေရဲ့ အစီအစဉ်နဲ့ပဲ ကိုယ့်ဘာသာကိုယ် လုပ်နေတယ်ဆိုတာကိုလည်း ဒီနေရာမှာ တင်ပြလိုပါတယ်။ အဲဒီလုပ်ငန်းရပ်နှစ်ခုထဲက Shear Pile လို့ခေါ်တဲ့ သံမဏိသံပေါင်များ ထိုးသွင်းတဲ့လုပ်ငန်း ဖြစ်ပါတယ်။ လုပ်ငန်းကတော့ အချင်း ၈ လက်မ၊ အနက်ပေ ၈၀ ကျွန်တော်တို့ ဖောက်ရပါတယ်။ အဲဒီအတွက်လည်း Special Equipment အတွက်လည်း လုပ်ရပါတယ်။ ဆောင်ရွက်ရန်ရှိတဲ့လုပ်ငန်း ၄၄၃ ခုရှိပါတယ်။ ယနေ့အထိ ၄၄၃ ခုစလုံး ရာခိုင်နှုန်းအပြည့် ပြီးစီးပြီး ဖြစ်ပါတယ်။ ဆောင်ရွက်ရတာတော့ ရိုးရှင်းပါတယ်။ ကျွန်တော်တို့ အဲ့ဒီပစ္စည်းတွေကို ဝယ်ရပါတယ်။ ရထားသံလမ်း လိုပုံစံပါပဲ။ ၁၂ မီတာအရှည် နှစ်ချောင်းကို ဆက်ရပါတယ်။ ပြီးရင် ပေ ၈၀ ကို ထိုးသွင်းပြီးတော့ Grouting လုပ်တဲ့အစီအစဉ် ရိုးရှင်းပါတယ်။ ဒီဇိုင်းအရ အဲဒီစနစ်နဲ့ လုံလောက်တဲ့အတွက်ကြောင့် ဒီဇိုင်းရဲ့ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း ၄၄၃ ခု ဖြစ်ပါတယ်။ ဒီတစ်ခုကတော့ Pre Stress Tendon လို့ခေါ်တဲ့စတီးကြိုးနှင့် Pre Stress လုပ်ပြီးတော့ ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်။ အချင်း ၈ လက်မ လွန်ပေါက်ဖောက်ရပါတယ်။ အဲဒီအထဲထဲမှာ စတီးကြိုး ၁၀ ခု ပါပါတယ်။ အတွင်း ထဲမှာဆိုရင် ပိုက် ၂ ပိုက်ပါပါတယ်။ ပိုက်တစ်ခုကတော့ Grouting Pipe သရွက်ထည့်တဲ့ ပိုက်ဖြစ်ပြီးတော့ နောက်တစ်ခုကတော့ လေထုတ်တဲ့ပိုက်ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ အချင်း ၈ လက်မ ပေ ၂၀၀ အထိ ဖောက်ရပါတယ်။ Vertical မဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ဒီဇိုင်းအတိုင်း ရှိနေတဲ့ ဘူမိလွှင်အသွင်းအပြင်အတိုင်း လိုက်လျောညီထွေစွာ ကျွန်တော်တို့ ဖောက်ရတာ ဖြစ်ပါတယ်။ အချင်း ၈ လက်မ အနက် ပေ ၂၀၀ နှင့် အခုရေ ၆၀ ခု

ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ပါတယ်။ အဲ့ဒီလို ၈ လက်မ အနက် ပေ ၂၀၀ ဖောက်ပြီးတဲ့အခါမှာ ခုနစ်တီးကြိုး ၁၀ ချောင်းကို မြင်တွေ့ပါပုံအတိုင်းပဲ လူအင်အားသုံးပြီးတော့ ထည့်သွင်းရပါတယ်။ အဲဒီလို ထည့်သွင်းပြီးတဲ့အခါမှာ High Pressure Grouting pump နဲ့ တွင်းထဲကို ထည့်ဖောက်ရပါတယ်။ အဲဒီမှတ်တဲ့အခါမှာ အသုံးပြုတဲ့ ဒီ Grout Quality ဟာ 50000 psi ရှိပါတယ်။ ဒါအင်မတန်မှ မြင့်မားတဲ့ Pressure ပါ။ ပုံမှန်အားဖြင့် Structure တွေ ၃၀၀၀ နဲ့ ထားပါတယ်။ အဲဒီနောက်မှာ Grout ထည့်တဲ့ မော်တာ Quality ကို 28 days Strength ရအောင် စောင့်ပါတယ်။ ပြီးရင် တစ်ချောင်းစီအလိုက် တန် ၂၀ အားနဲ့ Pre Stress ဆွဲပါတယ်။ Tension နဲ့။ ပြီးလို့ရှိရင် ၁၀ ချောင်းလုံးကို တန် ၁၂၀ အားနဲ့ ဆွဲပါတယ်။ အဲ့ဒီလုပ်ငန်းတွေအားလုံးပြီးပါပြီ။ အဲဒီလို ဆွဲပြီးတဲ့အခါမှာ ထိပ်မှ ကျွန်တော်တို့ ကွန်ကရစ်ဘလောက်တုံးနဲ့ အဲဒီစတီးကြိုးကို Pre Stress လုပ်ပြီးတော့ ဒါအဲဒီ တောင်ကုန်းကြီးကို လျှော့ကျလာမှုမရှိအောင် ကြံ့ခိုင်မှုကောင်းအောင် လုပ်ထားရပါတယ်။ အဲဒီ လုပ်ငန်းတွေ လုပ်နေစဉ်အတွင်းမှာ Tunnel လုပ်ငန်းဆောင်ရွက်လို့ မရပါဘူး။ အားလုံးပြီးတဲ့ အချိန်မှာ Tunnel လုပ်ငန်းဆက်လက်ပြီး ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာလည်းပဲ ပထမဦးဆုံး တင်ပြပါပုံအတိုင်း ၁ လက်မ အနက် ပေ ၂၀ ရှိတဲ့ သံချောင်းလုံးများနဲ့ Crown ပိုင်းကို စပြီးတော့ pile poling ထိုးရပါတယ်။ အဲဒီလိုပြီးတဲ့အခါမှာလည်းပဲ အပေါ်ပိုင်းထိုးပြီးတဲ့အခါမှာ နံရံပတ်ပတ်လည်ကိုလည်းပဲ ဘေးပတ်လည်လည်ကိုလည်း အချင်း ၁ လက်မ သံချောင်းနဲ့ အနက် ပေ ၂၀ နဲ့ ဒါ Rock bolt ထိုးပါတယ်။ အဲ့ဒီလိုပြီးတဲ့အခါမှာ Steel Rib တွေ ကျွန်တော်တို့ တပ်ရပါတယ်။ ဘူမိဗေဒအသွင်အပြင် ဆိုးရွားတဲ့အတွက်ကြောင့်မို့လို့ စတီးတွေတစ်ချောင်းနဲ့ တစ်ချောင်းနဲ့ကြားဟာ ၁ ပေခွဲပဲထားလို့ရပါတယ်။ အဲဒါကတော့ လုပ်ငန်းဆောင်ရွက်နေတဲ့အချိန်မှာ သက်ဆိုင်ရာ တာဝန်ရှိတဲ့ Geologist ရဲ့ အနီးကပ်ညွှန်ကြားမှုအတိုင်း လိုအပ်ရင်လိုအပ်သလို အကျဉ်းအကျယ်ကို သူကနေ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ တူးတဲ့အပိုင်းမှာလည်းပဲ Heading နဲ့ Benching အပိုင်း ဆိုပြီးတော့ နှစ်ပိုင်းခွဲပြီးတော့ တူးရပါတယ်။ အဲဒီလုပ်ငန်းတွေ အားလုံးပြီးမှပဲ Lining Concrete က လောင်းရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ Progress ဟာ တစ်နေ့တစ်နေ့ကို ၂ ပေ၊ ၃ ပေရဖို့ အင်မတန်မှပဲ ခဲယဉ်းပါတယ်။ ရေလွှဲဥမင်လှိုဏ် အမှတ်(၁)ရဲ့အဝင်ပိုင်း ဆောင်ရွက်ပြီးစီးနေတဲ့ အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ယနေ့အထိ ၂၃၂၆ ပေကနေပြီးတော့ ၃၅၄ အထိ တူးထားပြီး ဖြစ်ပါတယ်။ ဒါကတော့ ဥမင်လှိုဏ်အမှတ်(၂)ရဲ့ အဝင်ပိုင်းရဲ့ လုပ်ငန်းပြီးစီးမှုဖြစ်ပါတယ်။ ၂၀၅ ပေအထိ ပြီးစီးထားပြီဖြစ်ပါတယ်။ ဥမင်လှိုဏ်အမှတ်(၁)ရဲ့ အထွက်ပိုင်းပြီးစီးထားမှု တင်ပြခြင်း ဖြစ်ပါတယ်။

ဥမင်လိုင်အမှတ်(၂)ရဲ့ အထွက်ပိုင်း ဖြစ်ပါတယ်။ ဥမင်လှိုင်အမှတ်(၂)ရဲ့ အထွက်ပိုင်း မျက်နှာဝခိုင်ခံ့မှု လုပ်ငန်းပြုလုပ် ဆောင်ရွက်ပြီးပြီဖြစ်တဲ့အတွက်ကြောင့် အပေါ်ထည်လုပ်ငန်းကို စတင်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် HSS လို့ ခေါ်တဲ့ Gate တွေ၊ Pipe တွေ၊ Electromechanical Equipment လို့ခေါ်တဲ့ Generator နဲ့ Turbine နဲ့ဆက်စပ်တဲ့ပစ္စည်းတွေ အားလုံးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ချေးငွေနဲ့ China Gezhouba Group Co.,Ltd နဲ့ စာချုပ်ချုပ်ဆိုပြီးတော့လည်း ဝယ်ယူထားပြီး အခြေအနေရှိကြောင်း လည်း တင်ပြအပ်ပါတယ်။ အဲဒီဝယ်ယူထားတဲ့ပစ္စည်းအခြေအနေတွေအရ ကျွန်တော်တို့ ၂၀၁၃ ခုနှစ် ကုန်ပိုင်းလောက်မှာစပြီးတော့ Metal Structure ကနေစပြီးတော့ နှစ်အလိုက် ရောက်ရှိလာမှာလည်း ဖြစ်ပါတယ်။ နှစ်အလိုက် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းရဲ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်ကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘဏ္ဍာရေးအလိုက် ရရှိရန်ပုံငွေစာရင်း ဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ကနေပြီးတော့ ၂၀၁၂-၂၀၁၃ အထိ တင်ပြထားခြင်း ဖြစ်ပါတယ်။ ယခု ဘဏ္ဍာရေးနှစ် ၂၀၁၂-၂၀၁၃ မှာဆိုလို့ရှိရင် ၄၅.၆၂၀ ဘီလီယံအထိရပါတယ်။ နိုင်ငံခြားငွေ ၁၆.၉၅၇ နဲ့ လုပ်ငန်းဆောင်ရွက်ဖို့အတွက် ၂၈.၆၆၂ ပါပါတယ်။ နိုင်ငံခြားငွေဆိုတာ ခုနကတင်ပြထားတဲ့ စာချုပ်အရဝယ်ထားတဲ့ ပစ္စည်းများရဲ့ Down Payment နဲ့ အချို့ပစ္စည်းများရဲ့တန်ဖိုးကို ပေးချေဖို့ ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ဖို့အတွက်လည်း လုံလုံလောက်လောက်ရှိပါတယ်။ စီမံကိန်းတစ်ခုလုံး ရဲ့ ပြီးစီးမှုကတော့ ယနေ့အထိ ၂၃ ရာခိုင်နှုန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မလှိုင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်မေးမြန်းထားသော မေးခွန်းအမှတ်(၁)အတွက် သူ့ဌေး ရေအားလျှပ်စစ် စီမံကိန်းရေလွှဲဥမင်လှိုဏ် ၂ ခု တူးဖော်ခြင်းလုပ်ငန်းနှင့်ရေထိန်းတံခါး Gate Shaft / Surge Shaft အား တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ဖြစ်သော International Group of Entrepreneurs ကုမ္ပဏီနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ Power Point ဖြင့်လည်း ရှင်းလင်းဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ မေးခွန်း (၂)အတွက် သူ့ဌေးရေအားလျှပ်စစ် စီမံကိန်းအား B.O.T စနစ် သို့မဟုတ် JV/B.O.T စနစ်တစ်ခုခုသို့ လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် စီမံကိန်းဒေသမှာ ဘူမိဗေဒအခြေအနေ ရှုပ်ထွေးတဲ့ ဒေသဖြစ်သည့်အတွက် ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်းများမှာ အထူးဂရုပြုဆောင်ရွက်နေရမှုများ ကြောင့် ကြန့်ကြာခြင်းလည်းဖြစ်ပါတယ်။ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်

ရန်ပုံငွေခွဲဝေရရှိမှုမှာလည်း ခွင့်ပြုရန်ပုံငွေ ၄၅၆၂၀.၁၃၀ ကျပ်သန်းခွဲဝေရရှိထားပါသဖြင့် ရန်ပုံငွေနည်းပါးမှုလည်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်း(၃)အတွက် ယခုအချိန်ထိ သူဌေးစီမံကိန်းရဲ့ တည်ဆောက်ရေးလုပ်ငန်းများအား ဝန်ကြီးဌာနမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်တဲ့စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နောက်ဆုံးမေးခွန်းအတွက် စီမံကိန်းပြီးစီးသည့်နှစ်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုလို ရှင်းလင်းပေးတဲ့အတွက် ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်သူတွေသိချင်တဲ့အချက်က Technically မဟုတ်ဘဲနှင့်ရှေ့အလားလာ ဘယ်တော့ပြီးမလဲ။ ဖြစ်နိုင်လို့ရှိရင် အဲ့ဒီလိုပြီးဖို့အတွက် ငွေဘယ်လောက်ကုန်ကျဦးမှာလဲစသဖြင့် ဒါတွေပါ အဓိကထားသိချင်တဲ့ သဘောရှိပါတယ်။ နည်းပညာဆိုင်ရာကတော့လွှတ်တော်ကိုယ်စားလှယ်တွေလည်းပဲ နားလည်ဖို့ အခက်အခဲရှိသလို၊ ပြည်သူများလည်း နားလည်ဖို့လွယ်ကူမှာ မဟုတ်ပါဘူး။ ဒီနေရာမှာ အရင်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတင်ပြသွားတဲ့ လျှပ်စစ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်ဘက်က ပါဝင်လုပ်ဆောင် သင့်၊ မသင့်ဆိုတဲ့နေရာမှာ အရာရာကိုတော့ တရားသေဆုပ်ကိုင်လို့ရတဲ့ အနေအထားမရှိဘူးလို့ဘဲ ယူဆပါတယ်။ အဲဒီလို စဉ်းစားရမယ့်အချိန်လည်း ရောက်နေပြီလို့ ယူဆပါတယ်။ ဒီနေ့ လျှပ်စစ်ရရှိရေးဟာ ဒီနေ့ကာလမှာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကော်မတီက မိမိတို့ကော်မတီနဲ့ သက်ဆိုင်တဲ့လျှပ်စစ်ဆိုရင် လျှပ်စစ်စီမံကိန်းများအနက် ဘယ်စီမံကိန်းကတော့ ပြီးစီးသင့်တယ်။ ပြီးစီးမှုအတွက် လုံလောက်မျှတတဲ့ ဘဏ္ဍာငွေတွေ လိုတယ်ဆိုတာလည်း ကော်မတီအနေနဲ့ စိစစ်ဖို့ အကြံပြုတင်ပြဖို့လည်း လိုပါလိမ့်မယ်။ ရှိသမျှစီမံကိန်းတွေကို ငွေတွေ ဖြန့်သုံးနေခြင်းအားဖြင့် ဘာတစ်ခုမှမပြီးဘဲနှင့် လျှပ်စစ်ဓာတ်အားရရှိဖို့ကိစ္စဟာ နှောင့်နှေးကြန့်ကြာတဲ့အနေအထား ရှိမယ်လို့ ယူဆရပါတယ်။ အလားတူပဲ စီမံကိန်းများနှင့်ပတ်သက်ပြီးတော့ လုပ်သင့်၊ မလုပ်သင့်။ ဒါကစပြီး မလုပ်ရသေးတဲ့ကိစ္စဆိုရင် လုပ်သင့်၊ မလုပ်သင့်။ လုပ်နေဆဲစီမံကိန်းဆိုလို့ရှိရင်လည်း ဆက်လက်လုပ်နိုင်ဖို့ အခက်အခဲနှင့် အကျိုးဖြစ်ထွန်းမှု ဒီအပေါ်မူတည်ပြီးတော့ ကုန်ကျမှုဆက်လက်ဆောင်ရွက်ဖို့ သင့်၊ မသင့်ဆိုတာကိုလည်း သက်ဆိုင်ရာလွှတ်တော်ကော်မတီများအနေနဲ့ မိမိနယ်ပယ်မှာရှိကြတဲ့ စီမံကိန်းများကို ပြန်လည်ဆန်းစစ်ဖို့ လိုအပ်တဲ့ကာလလည်း ဖြစ်ပါတယ်။ မည်သည့်စီမံကိန်းလုပ်လုပ်၊ မည်သည့်လုပ်ငန်းလုပ်လုပ် ပြည်သူများရဲ့ငွေကို အရင်းတည်ပြီးလုပ်ရတာဖြစ်တဲ့အတွက် လုပ်တဲ့

စီမံကိန်းဟာ ပြည်သူ့အတွက်၊ နိုင်ငံ့အတွက် အကျိုးရှိဖို့လည်း လိုပါတယ်။ စီမံကိန်းလုပ်တဲ့ ရည်ရွယ်ချက်ကလည်း ပြည်သူ့အတွက်၊ နိုင်ငံ့အတွက် အကျိုးရှိဖို့ ရည်ရွယ်တယ်ဆိုလို့ရှိရင် ပြည်သူ့ အတွက်၊ နိုင်ငံ့အတွက် အကျိုးရှိဖို့နဲ့ အချိန်တွေ ဆွဲမဆန့်ထားဘဲနှင့် အချိန်တိုတိုအတွင်းမှာ ပြီးသင့်တဲ့ အချိန်ပြီးနိုင်အောင် ကိစ္စလည်း သက်ဆိုင်ရာလွှတ်တော်ကော်မတီများရဲ့ အကြံပြုမှု၊ ပါဝင်ပူးပေါင်းမှု ဟာလည်း များစွာလိုမယ့်ကာလ ဖြစ်ပါတယ်။ ဒီကာလသည်လွှတ်တော်များ ပေါ်ပေါက်လာပြီဖြစ်တဲ့ အတွက် လွှတ်တော်များမှာ ဖွဲ့စည်းထားတဲ့ကော်မတီများရဲ့ အခန်းကဏ္ဍဟာလည်း စီမံကိန်းများနှင့် ပတ်သက်ပြီးတော့ ပါဝင်စဉ်းစားဆောင်ရွက်ရမယ့်ကိစ္စ၊ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စများ ဖြစ်ပါ တယ်။ ဒီတင်ပြချက်တွေကို ကြည့်လိုက်တဲ့အခါမှာ ၂၀၀၄ ကစခဲ့တဲ့စီမံကိန်း အခု ၂၀၁၃ ခုနှစ်ဆို ၉ နှစ် ရှိပြီ စီမံကိန်းက ၂၃ ရာခိုင်နှုန်းပြီးပြီလို့ ပြောပါတယ်။ ဒါကိုဆက်ပြီးလုပ်တဲ့အခါမှာလည်း ဒီအစိုးရ သက်တမ်း၊ လွှတ်တော်သက်တမ်းလွန်ပြီးတော့ ၂၀၁၈ လောက်အထိ ရောက်သွားမယ်ဆိုတဲ့အတွက် အင်မတန်မှစဉ်းစားစရာ ကောင်းတဲ့စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ ဒါသည် ဒီနေ့တင်ပြတဲ့အပေါ် မူတည် ပြီးဆွေးနွေးတာဖြစ်လို့ မတင်ပြလို့ မဆွေးနွေးတဲ့စီမံကိန်းများဟာလည်း မည်မျှစီရှိတယ်ဆိုတာကို မသိနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဒီကာလဟာ ပြည်ထောင်စုလွှတ်တော်ကို ပြည်ထောင်စုအစိုးရကသာ တင်သွင်းသော စီမံကိန်း၊ ဘတ်ဂျက် သို့မဟုတ်ရင် ရသုံးနှင့်အခွန်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ပေးရမယ့်ကာလဖြစ်တဲ့အတွက် အချိန်ကာလအားဖြင့် အသင့်အတင့်တာဖြစ်တဲ့အတွက် သက်ဆိုင်ရာကော်မတီများအနေနဲ့ မိမိတို့ကော်မတီများက စိစစ်ဆောင်ရွက်ပေးရမယ့် ပူးပေါင်း ဆောင်ရွက်ပေးရမယ့်စီမံကိန်းများကိုလည်း အလေးအနက်ထားစဉ်းစားသုံးသပ်ဖို့ လိုကြောင်း သက်ဆိုင်ရာကော်မတီများကိုလည်း အသိပေးလိုပါတယ်။

## HIV ရောဂါတွေ့ရှိသူများအား လူမှုရေးအသင်းအဖွဲ့များမှ ပြုစုစောင့်ရှောက်မှုများကို စနစ်တကျ တိုးချဲ့ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ** ။ ။ဆက်လက်ပြီး ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမယ့်မေးခွန်းကတော့ HIVရောဂါသည်များကို ပြုစုစောင့်ရှောက်ပေးနေတဲ့ လူမှုရေးအသင်း အဖွဲ့များတိုးတက်ရေးအတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာယနေ့ UNHCR ကပေးတဲ့

စာရင်းအရ HIV ရောဂါသည်စုစုပေါင်း ၂၃၀၀၀၀ ခန့်ရှိတယ်လို့သိရပါတယ်။ ဒါကလည်း ကျွန်တော်တို့မြုပ်နေတဲ့ ကိန်းဂဏန်းတွေမပါ ပါဘူး။ ဒီထဲမှာဆေးသောက်သုံး သင့်တဲ့အင်အားက တစ်ဝက်လောက်ရှိပါတယ်။ သို့သော်အမှန်တကယ်သောက်သုံးနေတဲ့အင်အားက ၄၀၀၀၀ကျော် လောက်ပဲရှိတယ်လို့သိရပါတယ်။ ဒါကြောင့်ရောဂါဝေဒနာသည်အားလုံးဟာ နိုင်ငံတော်အစိုးရ ကနေဖွင့်လှစ်ပေးထားတဲ့ ဆေးရုံတွေရှိပါတယ်။ ဒါပေမယ့်နိုင်ငံတော်ဘက်ကနေပြီးတော့ ယနေ့ထိထိ ရောက်ရောက် ဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ နိုင်ငံတော်ကဖွင့်ပေးထားတဲ့ ကျွန်တော်တို့ မင်္ဂလာဒုံဆေးရုံ၊ သာကေတမှာရှိတဲ့ IQ နဲ့ပေါင်းထားတဲ့ဆေးရုံ အစရှိသဖြင့်မြို့နယ်အသီးသီးမှာလည်း ခုခံအားကျကာလသားရောဂါတိုက်ဖျက်ရေး ဆိုပြီးတော့ဆောင်ရွက် ပေးနေတဲ့အပိုင်းတွေ လည်း အများကြီးရှိပါတယ်။ ဒါပေမယ့်ရောဂါသည် တော်တော်များများဟာ ဆေးရုံတွေသွားဖို့အတွက် အခက်အခဲရှိပါတယ်။ အခက်အခဲ ၂ ချက်ကတော့ နံပါတ် တစ် ကရောဂါသည်များရဲ့တင်ပြချက်အရ ဆေးရဖို့အတွက်တော်တော်လေးကို အချိန်ပေးရတယ်လို့ သိရပါတယ်။ ARTဆေးရဖို့ ခက်ခဲတဲ့ အတွက်ကြောင့် မသွားလိုကြပါဘူး။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ဆေးရုံမှာရှိတဲ့ ဝန်ထမ်းတွေ ကနေပြီးတော့ လူမှုရေးအရနှိမ့်ချပြောဆိုမှုတွေ များပြားတယ်ဆိုပြီးတော့ ဒီအတွက် ကြောင့် သူတို့သည် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတွေက ဖွဲ့စည်းထားတဲ့ Camp တွေကိုသွားပြီးတော့ ယနေ့ ဆေးဝါး ကုသနေကြပါတယ်။ ဒီCamp တွေမှာလည်း အခက်အခဲအားဖြင့် ရန်ပုံငွေဖြစ်ပါတယ်။ ရန်ပုံငွေ အခက်အခဲကြောင့်ဖွင့်လှစ်ထားတဲ့စခန်းတွေမှာ မြေနေရာပိုင်ဆိုင်မှု၊ မြေငှားရမ်းမှု၊ ကျွေးမွေး စောင့်ရှောက်မှု၊ ဆေးဝါးပံ့ပိုးမှုတွေမှာလည်း အခက်အခဲတွေရှိပါတယ်။ ဒါကြောင့် ဒီအဖွဲ့အစည်းများ သည် လောလောဆယ် လူနေရပ်ကွက်များမှာ ငှားရမ်းပြီးတော့ ဖွင့်လှစ်နေရပါတယ်။ ကောင်းတဲ့ဘက် က ကြည့်ရင်တော့ ကျွန်တော်တို့လူမှုရေးအဖွဲ့အစည်းများတိုးတက်ဖွံ့ဖြိုးဖို့ အများကြီးလိုအပ်ပါတယ်။ တစ်ဖက်ကကြည့်ရင်လည်း စည်းနဲ့ကမ်းနဲ့ ဥပဒေနဲ့ဖြစ်ဖို့လည်း လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်နောင်လာမယ့် ကာလမှာ အနာဂတ်မှာ နိုင်ငံတော်အစိုးရအပိုင်းက လုပ်နေတာတွေလည်း ရှိမှာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ ဒီထက်ပိုပြီးတော့ ဒီလူမှုရေးအဖွဲ့အစည်းများကို အားပေး ကူညီတဲ့အနေနဲ့ စနစ်တကျရှိဖို့ စည်းမျဉ်းစည်းကမ်းတွေ လုပ်ထုံးလုပ်နည်းတွေ၊ ဥပဒေတွေပြဋ္ဌာန်း ပေးတာတို့ ကူညီပံ့ပိုးတာတို့၊ ဦးဆောင်တာတို့လုပ်ဖို့အစီအစဉ်ရှိ၊ မရှိ။ တကယ်လို့ နိုင်ငံတော်ဘက် ကမရှိရင် ဒီကနေ့ ကျွန်တော်တို့ ဒီမိုကရေစီဖော်ဆောင်တဲ့အခါမှာ အရေးကြီးဆုံးကလူမှုရေး အဖွဲ့အစည်းတွေ အားပေးကူညီဖို့ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ မြန်မာနိုင်ငံမှာဖွင့်လှစ်ထားတဲ့

ဒီအဖွဲ့အစည်းတွေကို ထောက်ပံ့မှုတွေ၊ ပံ့ပိုးမှုတွေလုပ်ပေးဖို့လိုမယ်လို့ ထင်ပါတယ်။ ကချင်ပြည်နယ်မှာ များစွာ ထောက်ပံ့ပေးတယ်လို့လည်း ကြားပါတယ်။ အလားတူ ကျန်တဲ့တိုင်းနဲ့ပြည်နယ်တွေမှာလည်း ထောက်ပံ့ပေးမှုတို့အတွက်များစွာရည်ရွယ်ပြီးတော့ ကျွန်တော်ဒီ မေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ HIV ရောဂါသည်များကို လူမှုရေးအသင်းအဖွဲ့များမှ ပြုစုစောင့်ရှောက်မှုများကို မြို့နယ်ရပ်ကွက်များတွင် စခန်းများဖွင့်လှစ်ပြီးတော့ ကူညီဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများအား နိုင်ငံတော်အပိုင်းမှ လုံလောက်စွာ စနစ်တကျတိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ။ လူမှုရေးအသင်းအဖွဲ့များနှင့် ဆောင်ရွက်ရာမှာ စနစ်တကျနှင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှုအတွက် ကူညီပံ့ပိုးဦးဆောင်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိသိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ ဦးစွာဂါရဝ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှမေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လူမှုရေးအသင်းအဖွဲ့ခေါ်တဲ့ Community Based Organizationများအနေနဲ့ အသင်းအဖွဲ့စနစ်တကျ ဆောင်ရွက်ဖို့အတွက် တရားဝင် အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခွင့်ကို သက်ဆိုင်ရာအဖွဲ့အစည်းတည်ရှိရာ မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များကတစ်ဆင့် အဆင့်ဆင့်စိစစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနကို ဆက်လက်တင်ပြရပါတယ်။ လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်မယ့်လုပ်ငန်းများမှာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ခုနက HIV/AIDS စောင့်ရှောက်ရေး လုပ်ငန်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်လာလို့ရှိရင် ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ၎င်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနကို သဘောထားမှတ်ချက်တောင်းပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကလည်း သက်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့အစည်းတွေက ဆောင်ရွက်မယ့် လုပ်ငန်းများကိုညှိနှိုင်း

စိစစ်ပြီးတဲ့အခါမှာ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ထောက်ခံတင်ပြပြီးရင် အဲဒီအသင်းအဖွဲ့အနေနဲ့ မှတ်ပုံတင်ခွင့်ရရှိပြီး တရားဝင်ဆောင်ရွက်ခွင့်ရရှိသွားမှာ ဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်ကုန်တဲ့အထိ မှတ်ပုံတင်ခွင့်ရရှိပြီးတော့ ကျန်းမာရေးဦးစီးဌာနနဲ့ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နဲ့ ပေါင်းပြီးတော့ HIV/AIDS ဆိုင်ရာ ကာကွယ်တားဆီးရေးနဲ့ပြုစု စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေတဲ့လူမှုရေးအသင်းအဖွဲ့စုစုပေါင်း ၃ ဖွဲ့ရှိပြီး စိစစ်ဆဲအဖွဲ့ ၈ ဖွဲ့ရှိကြောင်းတင်ပြအပ်ပါတယ်။ မှတ်ပုံတင်ခွင့်ရရှိပြီး အဖွဲ့ ၃ ဖွဲ့တွင် အဖွဲ့ဝင်စုစုပေါင်း ၁၀၀၀၀ ကျော်ရှိပြီးတော့ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်အဆင့်များမှာ အဖွဲ့ခွဲများခွဲပြီးတော့ HIV/AIDS ရောဂါအဖြစ်များသော ဒေသများမှာ လွှမ်းခြုံမှုပိုမိုကောင်းမွန်ရရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ လူမှုရေးအဖွဲ့အစည်းများသည် ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် သာမက ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့ HIV/AIDS ဆိုင်ရာကာကွယ်တားဆီးရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ငွေကြေးနှင့်နည်းပညာ အထောက်အပံ့ပေးခြင်း၊ လူထုအခြေပြုအိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်မှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းစသည်များကို ယနေ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် ပူးပေါင်းပြီးတော့ ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်တဲ့ UNAIDS၊ အချို့သော ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းများမှလည်း ငွေကြေးနှင့် နည်းပညာအထောက်အပံ့များ ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိတဲ့ ရောဂါကြီး ၃ မျိုးဖြစ်တဲ့ ခုခံကျ/ကာလသားရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း ရန်ပုံငွေစီမံခန့်ခွဲရေး အဖွဲ့ဖွဲ့စည်းပြီးဖြစ်ပါတယ်။ Myanmar Country Coordinated Mechanism (MCCM) ဖြစ်ပါတယ်။ အဲဒီမှာလည်း ခုနက ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်နှစ်ဦးကို အဖွဲ့ဝင်အဖြစ်နဲ့ပါဝင်စေပြီးတော့ ၎င်းတို့ရဲ့ဆန္ဒ၊ ၎င်းတို့ရဲ့ လိုအပ်ချက်များကို ပါဝင်ဆွေးနွေးညှိနှိုင်းပြီးဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နိုင်ငံတကာအစည်းအဝေးများသို့လည်းခုနက လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးစေခြင်းများဖြင့် လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်ကို စနစ်တကျ၊ ပိုမိုအောင်မြင်အောင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ကျောက်တန်းမြို့နယ်၊ မီးပြစံပြကျေးရွာအုပ်စုအတွင်းရှိ တိုက်နယ်ဆေးရုံအား အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တန်း မြို့နယ်အတွင်းမှာရှိတဲ့ မီးပြစံပြကျေးရွာမှာ တိုက်နယ်ဆေးရုံသစ်တစ်ဆောင် တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊မရှိကို မေးခွန်းအဖြစ်မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ မီးပြစံပြကျေးရွာဟာ ပင်လယ်ကမ်းစပ်မှာ တည်ရှိပြီးတော့ ရေလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိကြပါတယ်။ အိမ်ခြေအားဖြင့် ၁၄၀၀ ကျော်ရှိပြီး လူဦးရေ ၆၇၀၀ ကျော်မှီတင်းနေထိုင်ကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးလက်ကျန်းမာရေးဆေးခန်းတစ်ခုတည်ရှိပါတယ်။ အဆိုပါ ဆေးခန်းဟာလည်း ယခု ပင်လယ် ရေငန်တားဒီရေတားတာနှင့် နီးကပ်စွာတည်ရှိပါတယ်။ ယခုအခါမှာ တိုက်နယ်ဆေးရုံအဆင့် ဖွဲ့စည်းပုံ ကျပြီးဖြစ်ပြီးတော့ ဆရာဝန်နှင့်ဝန်ထမ်းအင်အား ရှိပြီးဖြစ်တယ်လို့ သိရှိရပါတယ်။ ဒေသခံမိဘပြည်သူ များအနေဖြင့် တိုက်နယ်ဆေးရုံသစ်တစ်ဆောင်တည်ဆောက်ပေးနိုင်ရန် လိုလားလျက်ရှိကြပါတယ်။ မြေနေရာလည်း သတ်မှတ်ပြီးဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံ တည်ဆောက်ပေးမည်ဆိုပါက ပတ်ဝန်းကျင် အကျိုးဝင်ကျေးရွာများဖြစ်တဲ့ ခလောက်ဆွဲ၊ ဇွဲပါကုန်းလမ်း၊ ရွှေမုဋ္ဌော၊ ဘုရားငုတ်တို၊ ဘော်ကလွတ်အစရှိတဲ့ ကျေးရွာများမှ မိဘပြည်သူများဟာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်မှာ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် တိုက်နယ်ဆေးရုံသစ် တစ်ဆောင်တည်ဆောက်ပေးနိုင်ရန် မေးခွန်း အဖြစ် မေးမြန်းတင်ပြအပ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်းရှိ မီးပြစံပြကျေးရွာမှာ တိုက်နယ်ဆေးရုံသစ်တစ်ဆောင် တည်ဆောက် ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးနိုင် မည်ကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်မှမေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မီးပြစံပြကျေးရွာအတွင်းမှာ တိုက်နယ်ဆေးရုံရဲ့ လက်ရှိတည်နေရာသည် ပင်လယ်ဒီရေတားတမံနှင့်နီးကပ်စွာ တည်ရှိနေတဲ့အတွက် ပင်လယ်ကမ်းစပ်နှင့်ကွာဝေးတဲ့နေရာမှာ ၅ ဧကအကျယ်အဝန်းရှိတဲ့နေရာတစ်ခုကို မီးပြကျေးရွာမှ ကျေးရွာသူ ၃ ဦးက နေပြီးတော့ ဆေးရုံအဆောက်အဦအသစ် ပြောင်းရွှေ့ဆောက်လုပ်နိုင်ရန် လှူဒါန်းပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆေးရုံအဆောက်အဦအသစ်ဆောက်လုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ တင်ပြဆောက်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မန္တလေးဆေးတက္ကသိုလ်ပညာသင်ယူခွင့် ရပ်စဲခြင်းခံရသော ကျောင်းသား ကျောင်းသူများအား ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား ဖြေလျှော့၍ ဆေးတက္ကသိုလ်(မန္တလေး)သို့ ဆေးပညာပြန်လည်သင်ယူခွင့်ပြုရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)** ။။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံသားများဖြစ်တဲ့ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့ရဲ့ မိဘများကို ကိုယ်ချင်းစာနာထောက်ထားသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော မေးခွန်းအားမေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးဆေးတက္ကသိုလ်မှာ ဆေးပညာဘာသာရပ်သင်ကြားနေကြသော ကျောင်းသား ကျောင်းသူများဟာ တစ်နှစ်မှာ ကျောင်းသားဦးရေ ၁၀၀ ကျော် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်ရပ်စဲခြင်းခံခဲ့ရပါတယ်။ လေးနှစ်အတွင်း ပညာသင်ယူခွင့် ရပ်စဲခြင်းခံရတဲ့

ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူဦးရေ ၄၀၀ ကျော်ရှိပါတယ်။ တခြားဆေးတက္ကသိုလ် ၃ ကျောင်းက ပညာသင်ယူခွင့်ရပ်စဲခံခဲ့ရတဲ့ ကျောင်းသားကျောင်းသူဦးရေမှာ တစ်နှစ်ကို ၁၅ ယောက် ပင်မပြည့်ပါဘူး။ အခြားဆေးကျောင်းနှင့် မန္တလေးဆေးတက္ကသိုလ် ကျောင်းတို့နှိုင်းယှဉ်လျှင် မန္တလေး ဆေးတက္ကသိုလ်မှ ပညာသင်ယူခွင့်ရပ်စဲခြင်းခံခဲ့ရတဲ့ ဆေးကျောင်းသား ကျောင်းသူဦးရေဟာ အဆမတန်များပြားလာပါတယ်။ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူတို့ဟာ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ မှာ နှစ်ရှည် လများ ကြိုးစားလာခဲ့ပြီး အတန်းတိုင်းမှာ အရည်အချင်းပြည့်မီသူများအဖြစ် ဘ၀ကိုဖြတ်သန်းခဲ့ရသူများလည်းဖြစ်ကြတာနှင့် အညီ ဆေးတက္ကသိုလ်သင်ကြားခွင့် ဝင်ခွင့်အမှတ်ပြည့်မီမှသာ ဆေးတက္ကသိုလ်တက်ရောက် သင်ကြားခွင့်ရကြသူများလည်း ဖြစ်ကြပါတယ်။ ဆေးကျောင်းတက်စဉ် ဆေးတက္ကသိုလ် စည်းမျဉ်း စည်းကမ်းအရ ပညာသင်ယူခွင့်ရပ်စဲခြင်းခံခဲ့ရသော်လည်း ဒီဆေးကျောင်းသား ကျောင်းသူတို့ရဲ့ အကျင့်စာရိတ္တအရာမှာ အဘက်ဘက်ကနေပြီးတော့ မှတ်ကျောက် အတင်ခံနိုင်ကြသူများလည်း ဖြစ်ကြ ပါတယ်။ ယခင်ပါမောက္ခချုပ်ဒေါက်တာ တစ်ဦးရဲ့ လက်ထက်မှာ (3-F) သုံးခါကျပြီးသော်လည်းပဲ ပညာသင်ယူခွင့် ရပ်စဲထားသော ကျောင်းသားများကို ပြန်လည်သင်ခွင့်ပေးတဲ့အတွက် ထိုကျောင်းသား များဟာ ဆရာဝန်ဖြစ်လာရုံတင်သာမကပဲ မြန်မာနိုင်ငံရဲ့ကျန်းမာရေးဆေးလောကမှာ အဆင့်မြင့် တာဝန်များကို ထမ်းဆောင်နေကြသော အထူးကုဆရာဝန်ကြီးများ လူတိုင်းလေးစားရသော နိုင်ငံကျော် ဆရာဝန်ကြီးများဖြစ်လာတာ သာဓကများလည်း ရှိပါတယ်။ ဒါ့အပြင် ၂၀၀၉-၂၀၁၀ ခုနှစ်များမှာ သုံးခါကျပြီးထွက်ပြီးမှ သနားညှာတာမှုဖြင့် ကျောင်းပြန်တက်ခွင့်ရခဲ့ကြလို့ ဆရာဝန်ဖြစ်ကြတဲ့ သာဓက တွေလည်း ရှိခဲ့ကြပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၃ (ခ) အရ အမည်နာမများ ကိုတော့ ကျွန်တော့်အနေနဲ့ ဖော်ပြခြင်းမပြုတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွက် အရေးပါလှသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေ ရန် နိုင်ငံတကာ၌ အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေသော မြန်မာပညာရှင်များကို ပြန်လည် ဖိတ်ခေါ်နေချိန်တွင် မိမိတို့တိုင်းပြည်အတွင်းရှိ လူသားအရင်းအမြစ် အစစ်အမှန်ဖြစ်သော ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများကို ပညာသင်ယူခွင့်ရပ်စဲလိုက်ခြင်းဟာ ကျောင်းသားမိဘ များအပါအဝင် ကျောင်းသားများနှင့်အတူ နိုင်ငံတော်အတွက်လည်း အလွန်ပင်နစ်နာလှပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၈မှာ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသားအမျိုးသမီး ခွဲခြားမှုမထားရှိဘဲ ယင်းတို့၏ အရည်အချင်း

အလိုက် ချီးမြှောက်ထောက်ပံ့မည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၆ တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ပုဒ်မခွဲ (က) မှာ ပညာသင်ကြားပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ပေးရမည်ဟုလည်းကောင်း အတိအလင်းဖော်ပြထားပါတယ်။ သို့ဖြစ်ပါ၍ မန္တလေးဆေးတက္ကသိုလ်တွင် ဆေးတက္ကသိုလ်ပညာသင်ယူရင်း အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်ရပ်စဲခြင်းခံခဲ့ရသော လွန်ခဲ့သော လေးနှစ်ခန့်က ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများအား စာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ လူသားအရင်းအမြစ်ကို ပြန်လည်ဖော်ထုတ်စေလိုသော ဆန္ဒအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၆ ပုဒ်မခွဲ (က) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တို့အရလည်းကောင်း၊ ခံစားခွင့်များရရှိခံစားနိုင်ရေး အလို့ငှာလည်းကောင်း မန္တလေးဆေးတက္ကသိုလ်ပညာသင်ခွင့် ရပ်စဲခြင်းခံခဲ့ရသော ကျောင်းသား ကျောင်းသူများအား ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား ဖြေလျှော့၍ ဆေးတက္ကသိုလ် (မန္တလေး)သို့ ဆေးပညာပြန်လည်သင်ယူခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ စာရင်းဇယားများနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပထမဦးစွာရှင်းလင်းတင်ပြပါ့မယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားတဲ့ အချက်တွေထဲမှာ မန္တလေးဆေးတက္ကသိုလ်ရဲ့ ထုတ်ပယ်ခံရတဲ့ ကျောင်းသားများရဲ့ အရည်အတွက်များတယ်ဆိုတာကလည်း မှန်ပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသလို တခြားတက္ကသိုလ်တွေမှာ ၁၅ ဦးခန့် တောင်မရှိဘူးဆိုတဲ့ဟာလေးနဲ့ ပတ်သက်ပြီးတော့ ၂၀၁၁ ခုနှစ်မှာ ဆေးတက္ကသိုလ် -၁ (ရန်ကုန်)

ကနေပြီးတော့ ထွက်သွားတဲ့အတန်းခြောက်တန်းပေါင်းက ၅၁ ဦးရှိပါတယ်။ ဆေးတက္ကသိုလ် (မန္တလေး)က ၁၂၈ ဦး ရှိပါတယ်။ ဆေးတက္ကသိုလ်-၂ (ရန်ကုန်)က ၄၃ ဦးရှိပါတယ်။ ဆေးတက္ကသိုလ် (မကွေး)က ၃၇ ဦးရှိပါတယ်။ ဒါ့ကြောင့်မို့လို့ များသည်မှန်သော်လည်းပဲ တစ်ဝက်ခန့် ခုနက ပြောသလို အများကြီးကွာခြားတာမဟုတ်ပဲနဲ့ တစ်ဝက်ခန့်များတာ ဖြစ်ပါကြောင်း ဦးစွာပထမ ရှင်းလင်းဆွေးနွေး လိုပါတယ်။ နောက် ဒုတိယအချက်အနေနဲ့ကတော့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန အောက်မှာရှိတဲ့ ဆေးတက္ကသိုလ်တွေမှာ ကျွန်တော်တို့ စာမေးပွဲ စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်ပြီး တော့ ကလေးတွေဘက်ကို ဘယ်လောက်ထိ ကြည့်ထားတယ်ဆိုတဲ့ အချက်ကလေး ကျွန်တော်ဦးစွာ ပထမတင်ပြပါ့မယ်။

ကျောင်းဝင်ခွင့်လျှောက်လွှာတင်သွင်းရန် ပျက်ကွက်ခြင်း၊ ကျောင်းတက်ရာခိုင်နှုန်း ၇၅ ရာခိုင်နှုန်းမပြည့်မီခြင်း၊ စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာတင်သွင်းရန် ပျက်ကွက်ခြင်း၊ စာမေးပွဲခန်းသို့ စာမေးပွဲစတင်သည်မှ နာရီဝက်ထက်ကျော်လွန်ပြီးမှ ရောက်ရှိ လာခြင်း၊ အတန်းတင်စာမေးပွဲများ၌ ဘာသာရပ်အားလုံးကျရှုံးခြင်းနှင့် ဖြေဆိုရမည့် ဘာသာရပ်တစ်ခုခုတွင် ဖြေဆိုရန် ပျက်ကွက်ပါက ဘာသာရပ် အားလုံးကျရှုံးဟု သတ်မှတ်ပြီးတော့ ကျတစ်ကျ သတ်မှတ်ခြင်းခံရပြီး နောက်ထပ် ပညာနှစ် တစ်နှစ် အစမှအဆုံးကျောင်းပြန်တက်ရောက်ရမှာဖြစ်ပါတယ်။ ပထမနှစ်သင်တန်းများမှာ စုစုပေါင်း ၇ ဘာသာ စာမေးပွဲဖြေဆိုရပြီးတော့ ၃ ဘာသာနှင့်အထက် ကျရှုံးပါက ကျတစ်ကျ သတ်မှတ်ခြင်းခံရ ပြီးတော့ နောက်ထပ်ပညာသင်နှစ်တစ်နှစ် ကျောင်းပြန်လည်တက်ရောက်ရပါတယ်။ တက်ရောက်ပြီး တစ်ကြိမ်သာ ဖြေဆိုခွင့်ရှိမှာဖြစ်ပါတယ်။ ထပ်မံကျရှုံးမယ်ဆိုရင် စာမေးပွဲ ၂ ခါကျသတ်မှတ်၍ ကျောင်း မှထုတ်ပယ်မှာ ဖြစ်ပါတယ်။ ဘာသာရပ်ထက်ဝက် ၂ ဘာသာနှင့် အောက်ကျရှုံးပါက ၆ ပတ် အကြာမှာ နောက်ဆက်တွဲ စာမေးပွဲများမှာ ဝင်ရောက်ဖြေဆိုခွင့်ရှိပြီးတော့ အထက်ပါစာမေးပွဲတွင် ထပ်မံကျရှုံး ပါက စာမေးပွဲ ၂ ခါကျအဖြစ်သတ်မှတ်ပြီး ကျောင်းမှထုတ်ပယ်တာ ဖြစ်ပါတယ်။ ဒါပထမနှစ် သင်တန်း များ ဖြစ်ပါတယ်။ ဒုတိယနှစ်သင်တန်းများမှစပြီး နောက်ဆုံးနှစ်အပိုင်း(က)သင်တန်းများအထိ အတန်းတင် စာမေးပွဲများမှာ အနည်းဆုံးတစ်ဘာသာအောင်မြင်ပါက ကျန်ကျရှုံးတဲ့ ဘာသာရပ်များကို ၆ ပတ်အကြာ မှာ ကျင်းပပြုလုပ်မယ့် နောက်ဆက်တွဲ စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ရှိပါတယ်။ အဆိုပါစာမေးပွဲမှာ ထပ်မံကျရှုံးပါက စာမေးပွဲနှစ်ခါကျအဖြစ်သတ်မှတ်ပြီးတော့ ကျရှုံးသောဘာသာရပ်ကို နောက်ထပ် ပညာသင်နှစ် တစ်နှစ်အပြည့် ပြန်လည်တက်ရောက်ခွင့်ရှိပါတယ်။ နောက်ဆုံးအကြိမ် ဖြေဆိုပြီးမှသာ

၄င်းစာမေးပွဲမှာ ထပ်မံကျရှုံးမယ်ဆိုရင်တော့ သုံးခါကျ (3-F) အဖြစ်နဲ့ သတ်မှတ်ပြီး ပညာသင်ခွင့် ရပ်စဲတာ ဖြစ်ပါတယ်။

နောက်ဆုံးနှစ် အပိုင်း(ခ) ဖြစ်တဲ့နောက်ဆုံးသင်တန်းမှာတော့ အတန်းတင်စာမေးပွဲမှာ အနည်းဆုံးတစ်ဘာသာ အောင်မြင်ရင် ကျန်ကျရှုံးသည့် ဘာသာရပ်များအား ၆ လအကြာမှာ ကျင်းပတဲ့ နောက်ဆက်တွဲ စာမေးပွဲကို ဖြေဆိုခွင့် ရှိပါတယ်။ အဆိုပါစာမေးပွဲမှာ ထပ်မံကျရှုံးပါက စာမေးပွဲ ၂ ခါကျ (2-F) အဖြစ်နဲ့ သတ်မှတ်ပါတယ်။ အဆိုပါကျရှုံးသူသည် ကျရှုံးသည့်ဘာသာရပ်အား အနီးဆုံးပညာသင်နှစ်နှင့်အတူ ပြန်လည်တက်ရောက်ရမည်ဖြစ်ပြီးတော့ နောက်ဆုံး အကြိမ်ထပ်မံဖြေဆိုခွင့်တစ်ကြိမ်ရှိပြီးတော့ ထပ်မံကျရှုံးပါက စာမေးပွဲ ၃ ခါကျ ထပ်မံကျရှုံးပါက (3-F)သတ်မှတ်ပြီး ပညာသင်ကြားခွင့်ရပ်စဲတာဖြစ်ပါတယ်။ အလုပ်သင်ဆရာဝန်သင်တန်းကာလကိုတော့ တစ်နှစ်သတ်မှတ်ပြီးတော့ နှစ်နှစ်အတွင်းပြီးဆုံးအောင် တာဝန်ထမ်းဆောင်စေပြီး နှစ်နှစ်အတွင်းအလုပ်သင်ဆရာဝန်တာဝန် မပြီးဆုံးလျှင်လည်းပဲ ပညာသင်ကြားခွင့်ရပ်စဲပါတယ်။ အဆိုပါတည်ဆဲစည်းမျဉ်းစည်းကမ်း ဥပဒေတွေကို ယခင်ကတည်းက ဆေးတက္ကသိုလ်များသာမက ဆေးသိပ္ပံပညာဦးစီးဌာနအောက်မှာရှိတဲ့ တက္ကသိုလ်များ အားလုံးမှာ တစ်ပြေးညီကျင့်သုံးလျက်ရှိပြီး ၂၀၀၃ ခုနှစ်မှာ ကျင်းပတဲ့ ဆဋ္ဌမအကြိမ်ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲမှာလည်းပဲ အားလုံးဆွေးနွေးဆုံးဖြတ်ပြီး ပြန်လည်အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ ထို့အတူ ဆေးတက္ကသိုလ်များရဲ့ ပထမနှစ်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာလည်း ဆေးတက္ကသိုလ်ဝင်ခွင့်ရတဲ့ ကျောင်းသားကျောင်းသူများနှင့်တကွ မိဘအုပ်ထိန်းသူများပါ ခေါ်ပြီး တော့ သိရှိရန်အချက်များနှင့် စာမေးပွဲဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေကို ပါမောက္ခချုပ်ကနေ ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပြီး အဆိုပါစည်းကမ်းချက်များအား ကျောင်းသားကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများ အားဖတ်ရှုစေ၍ သိရှိပြီးဖြစ်ကြောင်း ဝန်ခံကတိထိုးခဲ့ပြီး သင်တန်းတက်ခဲ့ကြ တာ ဖြစ်ပါတယ်။

ယခင်ကဆေးတက္ကသိုလ် ၃ ခုမှာ ကျောင်းသား ၅၅၀ ဦးသာ လက်ခံသင်ကြားပေးခဲ့ပြီး အမျိုးသားပြန်လည်ပညာရည်မြင့်မားရေးအထူး ၄ နှစ်စီမံကိန်း (ကျန်းမာရေးကဏ္ဍ)နှင့် မြန်မာ့ကျန်းမာရေးဆိုင်ရာမျှော်မှန်းချက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းတို့နှင့် လိုက်လျောညီထွေဖြစ်ပြီး နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆေးတက္ကသိုလ်များမှာ လေ့ကျင့်သင်ကြားပေးရန် လိုအပ်တဲ့ ကျောင်းသားကျောင်းသူဦးရေအရေအတွက်ကို အဆင့်ဆင့် တိုးမြှင့်ခဲ့ပါတယ်။ ထိုသို့ တိုးမြှင့်လက်ခံသင်ကြားပေးနိုင်ရေးအတွက် ၂၀၀၁ ခုနှစ် မေလမှာ ဆေးတက္ကသိုလ် (မကွေး)ကို

အသစ်ထပ်မံ တိုးချဲ့ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူဦးရေကို ၂၀၀၁ ခုနှစ်ကစပြီး ၂၀၁၂ ခုနှစ်အထိ နှစ်စဉ် ၂၄၀၀ ဦးသို့ တိုးမြှင့်လက်ခံပေးပြီး အဲဒီတုန်းက နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ထို့ပြင် ကျောင်းသား ၆၀ ရာခိုင်နှုန်း နှင့် ကျောင်းသူ ၄၀ ရာခိုင်နှုန်း သတ်မှတ်ပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ပြုခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျောင်းသူတွေရဲ့ ဆေးတက္ကသိုလ်ဝင်ခွင့် အနိမ့်ဆုံးရမှတ်နှင့် ကျောင်းသားတွေရဲ့ ဆေးတက္ကသိုလ်ဝင်ခွင့်အနိမ့်ဆုံး ရမှတ်ကလည်း အမှတ် ၃၀ ခန့်ကွာတဲ့အတွက် သင်ကြားရာမှာ ဥာဏ်ရည်ကွဲပြားတဲ့ ကျောင်းသားများ အခက်အခဲများရှိလာတာကိုလည်း တွေ့ရတာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ယခုကဲ့သို့ ပညာသင်ကြားခွင့်ရရှိတဲ့ ကျောင်းသားအရေအတွက်ဟာ ယခင်ကထက် များပြားလာရတယ်ဆိုတာလည်း ကျွန်တော်တို့ ကောက်ချက်တစ်ခု ချနိုင်ခဲ့ပါတယ်။ ယခုအခါ အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်းမြင့်မားရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အချင်းမြင့်မားတဲ့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးရန် အကောင်အထည်ဖော်တဲ့အချိန်ဖြစ်တဲ့အတွက် ဆေးတက္ကသိုလ်ဝင်ခွင့်ပြု ကျောင်းသားဦးရေကိုလည်း ရေတိုစီမံကိန်းအနေနဲ့ ယခင် ၂၄၀၀ ဦးကနေ ၁၂၀၀ ဦးသို့ လျှော့ချပြီး ကျောင်းသားကျောင်းသူအချိုးကိုလည်း ညီမျှစွာဖြင့် လက်ခံသင်ကြားပေးနေပြီ ဖြစ်ပါတယ်။ လူသားတို့ရဲ့ အသက်နဲ့ဆိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်ပေးရမည့် အရည်အသွေးပြည့်ဝသော ဆရာဝန်ကောင်းများ မွေးထုတ်ပေးရေး ဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။ ထို့အတူပဲ ပညာသင်စာမေးပွဲ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျွန်တော်တို့ အဆင့်အဆင့်သုံးဆင့်လောက် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ ကျတဲ့ဘာသာရပ်မှာ တာဝန်ရှိတဲ့ဌာနမှူးနှင့် ဆရာများကနေပြီးတော့ ဦးစွာပထမ ဒီကလေးကိုဘယ်လိုပြန်တင်ပေးလို့ရမလဲဆိုတာ စဉ်းစားတာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ သက်ဆိုင်ရာဆေးတက္ကသိုလ်ရဲ့ပညာသင်စာမေးပွဲ Board အဖွဲ့နှင့် တစ်ခါထပ်မံစိစစ်ပါတယ်။ တတိယအနေနဲ့ ပါမောက္ခချုပ်ကိုယ်တိုင် ဦးဆောင်ပြီးတော့ ပြန်ပြီးတော့ စိစစ်ပြီးမှသာ အဆင့်ဆင့်ဆောင်ရွက်ခဲ့တာလည်း ဖြစ်ပါတယ်။ ထို့အတူ ဆေးတက္ကသိုလ် (မကွေး)ရဲ့ ပြဿနာတစ်ခုအနေနဲ့ စဉ်းစားရန်မဟုတ်ဘဲနဲ့ ဆေးတက္ကသိုလ် ၄ ခုလုံးကိုလဲ ခြုံငုံစဉ်းစားရန်လိုအပ်ပါတယ်။ ထို့အတူ တစ်နှစ်ကိစ္စ၊ နှစ်နှစ်ကိစ္စမဟုတ်ဘဲနဲ့ နှစ်ပေါင်းများစွာ ကိစ္စဖြစ်တဲ့အတွက် လောလောဆယ်အားဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့ ပညာသင်ကြားခွင့်ရပ်စဲခြင်းခံရသော

ကျောင်းသားများအား ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား ဖြေလျှော့၍ ဆေးတက္ကသိုလ် (မန္တလေး) သို့ ဆေးပညာပြန်လည်သင်ယူခွင့်ပြုရန် အစီအစဉ် လက်ရှိမရှိသေးပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ၂၄-၁-၂၀၁၃ ရက်မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ အဆိုပါ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၂ အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၄-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တင်သွင်းသော မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးရန်အတွက် ပြည်ထောင်စုလွှတ်တော်မှ အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကြမ်းအား ငွေကြေးနှင့်ငွေရေးကြေးရေးစနစ် တည်ငြိမ် ရေးကို တိုးမြှင့်ရန်၊ ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ၊ ငွေကြေးလွယ်ကူမှု၊ ချေးမြီပေးဆပ်နိုင်မှု၊ ငွေရေးကြေးရေးစနစ်၏ ခိုင်မာမှုကို တိုးတက်ကောင်းမွန်အောင် ဖော်ဆောင် ရန်နှင့် အစီအစဉ်တကျ ဟန်ချက်ညီညီနှင့်ရှင်သန်သော စီးပွားရေးဖွံ့ဖြိုးမှုကိုဖြစ်ထွန်းစေမည့် ငွေကြေး၊ ချေးငွေနှင့် ငွေရေးကြေးရေး အခြေအနေများကို အားပေးဖော်ဆောင်ရန် ရည်ရွယ်၍ ရေးဆွဲ တင်ပြထားသည်ကို တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းတွင် အခန်း ၁၇ ခန်းနှင့် ပုဒ်မပေါင်း ၁၁၆ ခု ပါရှိပါသည်။ ယင်းဥပဒေကြမ်းကို လေ့လာစိစစ်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပြည်ထောင်စုဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဗဟိုဘဏ် တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ၈-၁-၂၀၁၃၊ ၁၂-၁-၂၀၁၃၊ ၁၉-၁-၂၀၁၃ နှင့် ၂၈-၁-၂၀၁၃ ရက်နေ့များတွင် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းအား အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ပြီး တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်ချက်များအရ မူလ ဥပဒေကြမ်းအား ရေးထုံးများနှင့်ညီညွတ်စေရန်သော်လည်းကောင်း၊ ဥပဒေကြမ်းတွင် ပါဝင်သည့် အကြောင်းအရာများနှင့် အခန်း၊ ခေါင်းစီးများ ကိုက်ညီမှုရှိစေရန် လည်းကောင်း ဥပဒေကြမ်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန်သော်လည်းကောင်း အောက်ဖော်ပြပါအတိုင်း အခန်း၊ ခေါင်းစီး၊ ပုဒ်မများအားပြင်ဆင်ခဲ့ပါသည်။ ပြင်ဆင်ပြီး

သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်း၏ အခန်း ၁၈ ခန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အခန်း(၁) အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်၊

(ခ) အခန်း(၂) တည်ထောင်ခြင်းနှင့် ရည်မှန်းချက်နှင့် ရည်ရွယ်ချက်၊

(ဂ) အခန်း(၃) ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဃ) အခန်း(၄) မတည်ငွေရင်းနှင့် အမြတ်ငွေခွဲဝေမှု၊

(င) အခန်း(၅) တာဝန်ခံမှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှု၊

(စ) အခန်း(၆) ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊

(ဆ) အခန်း(၇) ငွေကြေးတည်ငြိမ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်လုပ်ပိုင်ခွင့်များ၊

(ဇ) အခန်း(၈) နိုင်ငံခြားသုံးငွေနှင့် နိုင်ငံခြားသုံးသီးသန့်ငွေ စီမံခန့်ခွဲမှု၊

(ဈ) အခန်း(၉) သုံးစွဲငွေ ထုတ်ဝေခြင်း၊

(ည) အခန်း(၁၀) ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊

(ဋ) အခန်း(၁၁) ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်ကို ကြီးကြပ် ထိန်းကျောင်းခြင်း၊

(ဌ) အခန်း(၁၂) ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်ကို ကြီးကြပ်ထိန်းကျောင်း ခြင်း၊

(ဍ) အခန်း(၁၃) ဘဏ်များ၏ နောက်ဆုံးအားထားရာ ကာလတိုချေးငွေထုတ်ချေးသူ အဖြစ် ဆောင်ရွက်ခြင်း၊

(ဎ) အခန်း(၁၄) အစိုးရအဖွဲ့၏ ငွေရေးကြေးရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊

(ဏ) အခန်း(၁၅) စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခြင်း၊

(တ) အခန်း(၁၆) တားမြစ်ချက်များ၊

(ထ) အခန်း(၁၇) ပြစ်မှုနှင့် ပြစ်ဒဏ်၊

(ဒ) အခန်း(၁၈) အထွေထွေတို့ ဖြစ်ပါတယ်။

(၂) မူလ အခန်း(၁) ခေါင်းစဉ်အား စကားရပ်ပြင်ဆင်ပြီး၊ မူလပုဒ်မ ၁ ပုဒ်မခွဲ (ခ) အား ပယ်ဖျက်၍ ပုဒ်မ ၁ ပုဒ်မခွဲ (က) အား ပုဒ်မ ၁ အဖြစ် လည်းကောင်း၊ ပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)နှင့် ပုဒ်မခွဲ(ဌ) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) တို့အား စကားရပ် များပြင်ဆင်၍ လည်းကောင်း၊ ပုဒ်မ ၂ ပုဒ်မခွဲ (ဆ)၊ (ဇ)၊ (ဈ) တို့အား ပယ်ဖျက်ပြီး ပုဒ်မခွဲ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) တို့အား အသစ်ထပ်မံ ဖြည့်စွက်ခဲ့ပါသည်။

(၃) မူလ အခန်း(၂) ပုဒ်မ ၄၊ ပုဒ်မ ၅နှင့် ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် ပုဒ်မ ၇ တို့အား စကားရပ်များပြင်ဆင်ထားပါသည်။

(၄) မူလ အခန်း(၃)အား အခန်း (၆) အဖြစ် ပြင်ဆင်ပြီး၊ မူလပုဒ်မ ၈ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဏ)တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်၍ ပုဒ်မခွဲ (တ)အား အသစ် ဖြည့်စွက်ခဲ့ပါသည်။ ပုဒ်မ ၉ ပုဒ်မခွဲ (ခ)၊ (စ)တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်၍ ပုဒ်မခွဲ (ဈ)အား ပယ်ဖျက်ခဲ့ပါသည်။ မူလပုဒ်မ ၁၂ နှင့် ပုဒ်မခွဲ (က)၊ (ခ) တို့အား စကားရပ်များ ပြင်ဆင်ပါသည်။

(၅) မူလ အခန်း(၄)ခေါင်းစဉ်အား အခန်း (၇) ခေါင်းစဉ်အဖြစ် ပြင်ဆင်၍ မူလ ပုဒ်မ ၁၃ နှင့် ပုဒ်မခွဲ (ခ)၊ (ဃ)၊ မူလ ပုဒ်မ ၁၅ ပုဒ်မခွဲ (ခ)၊ မူလပုဒ်မ ၁၆ ၊ ၁၇ ၊ ၁၈၊ ၁၉၊ ၂၀ နှင့် ၂၂ တို့အား စကားရပ်များ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုလုပ်ပါသည်။ မူလပုဒ်မ ၂၁ အား အခန်းခေါင်းစဉ်နှင့် ဆီလျော်မှုရှိစေရန် အခန်း(၁၅) စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်းသို့ ပြောင်းရွှေ့ ပြင်ဆင်ပါသည်။

(၆) မူလ အခန်း(၅) အား အခန်း (၈) အဖြစ် ပြင်ဆင်၍ မူလပုဒ်မ ၂၃၊ ၂၄၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မခွဲ (ဂ)၊ (ဃ)၊ ပုဒ်မ ၂၈ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် ပုဒ်မ ၂၉ တို့အား စကားရပ်များ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများပြုလုပ်၍ မူလပုဒ်မ ၃၀ အား ပယ်ဖျက်ပါသည်။

(၇) မူလ အခန်း(၆)အား အခန်း (၉) အဖြစ် ပြင်ဆင်ပြီး မူလပုဒ်မ ၃၁၊ ၃၂၊ ၃၆၊ ၃၇နှင့် မူလပုဒ်မ ၃၈ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့အား စကားရပ်များ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုလုပ်၍ မူလပုဒ်မ ၃၄ အား ပယ်ဖျက်ပါသည်။

(၈) မူလ အခန်း(၇) အား အခန်း (၁၀)အဖြစ် ပြောင်းလဲ၍ ခေါင်းစဉ်အား စကားရပ်ပြင်ဆင်ပါသည်။ မူလပုဒ်မ ၃၉၊ ၄၀၊ ပုဒ်မ ၄၁ ပုဒ်မခွဲ (က) တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်၍ မူလပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)အား ပုဒ်မတစ်ခုအဖြစ် ပြောင်းလဲပြင်ဆင်ပါသည်။ မူလ ပုဒ်မ ၄၂၊ ၄၃၊ ၄၇ တို့အား စကားရပ်များ ပြင်ဆင်ပြီး မူလပုဒ်မ ၄၅၊ ၄၆ တို့အား အခန်းခေါင်းစဉ်နှင့် ဆီလျော်မှုရှိစေရန် အခန်း(၁၅) စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်းသို့ ပြောင်းရွှေ့ ပြင်ဆင်ပါသည်။

(၉) မူလ အခန်း(၈)အား အခန်း(၁၁)အဖြစ် ပြင်ဆင်၍ ၊ မူလ ပုဒ်မ ၄၈ အား ပယ်ဖျက်၍ မူလပုဒ်မ ၄၉ ပုဒ်မခွဲ (က)အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်၍ မူလပုဒ်မ ၅၀ ပုဒ်မခွဲ (ခ) တို့အား ပုဒ်မ တစ်ခုအဖြစ် ပြောင်းလဲ ပြင်ဆင်ပါသည်။

(၁၀) မူလ အခန်း(၉)အား အခန်း(၁၂) အဖြစ် ပြောင်းလဲ၍ ခေါင်းစဉ်အား စကားရပ် ပြင်ဆင်ပါသည်။ မူလပုဒ် ၅၁၊ ၅၂၊ ပုဒ်မ ၅၄ ပုဒ်မခွဲ (က) တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်ပါသည်။ မူလပုဒ်မ ၅၅ ပုဒ်မခွဲ (က)(ခ)တို့အား ပုဒ်မတစ်ခုစီအဖြစ် ပြောင်းလဲပြီး စကားရပ်များ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

(၁၁) မူလ အခန်း(၁၀)အား အခန်း(၁၃) အဖြစ် ပြောင်းလဲ၍ ခေါင်းစဉ်အား စကားရပ်ပြင်ဆင်ပါသည်။ မူလပုဒ်မ ၅၆ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၅၇၊ ၅၈၊ ၅၉၊ ၆၀ တို့အား စကားရပ်များပြင်ဆင်၍သော်လည်းကောင်း၊ မူလပုဒ်မ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀ တို့အား စကားရပ်များပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပါသည်။

(၁၂) မူလအခန်း(၁၁)အား အခန်း(၁၄) အဖြစ် ပြောင်းလဲ၍ ခေါင်းစဉ်အား စကားရပ်ပြင်ဆင်ပါသည်။ မူလပုဒ်မ ၆၁၊ ၆၂ နှင့် ၆၄၊ ၆၅၊ ၆၆ တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပါသည်။

(၁၃) မူလ အခန်း(၁၂)အား အခန်း(၅) အဖြစ် ပြောင်းလဲ၍ ခေါင်းစဉ်အားစကားရပ် ပြင်ဆင်ပါသည်။ မူလပုဒ်မ ၆၇၊ ၆၈၊ ၆၉ တို့အား စကားရပ်များ ပြင်ဆင်ပြီး အခန်းအမှတ်စဉ် ပြောင်းလဲမှုကြောင့် ပုဒ်မများ ပြောင်းလဲသွားမည် ဖြစ်ပါသည်။

(၁၄) မူလအခန်း(၁၃)အား အခန်း(၃) အဖြစ်ပြောင်းလဲ၍ ခေါင်းစဉ်အားစကားရပ် ပြင်ဆင်ပါသည်။ မူလပုဒ်မ ၇၀ ပုဒ်မခွဲ (က)၊ (ခ)တို့အား အရေးအသားပိုမိုကျစ်လျစ်စေရန် ပြင်ဆင်ပြီး ပုဒ်မခွဲ (ခ)အား ပယ်ဖျက်ပါသည်။ မူလပုဒ်မ ၇၀ ပုဒ်မခွဲ (ခ)၏ ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံအား ပြင်ဆင်ပြီး ပုဒ်မခွဲ (က) ၏ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) အဖြစ် ဥပဒေ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီစေရန် ပြင်ဆင်ဖြည့်စွက်ပါသည်။ မူလပုဒ်မ ၇၀ (ဂ)၊ (ဃ)၊ (င) တို့အား ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)တို့အဖြစ် စကားရပ်များ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ မူလပုဒ်မ ၈၅ မှ ဒါရိုက်တာအဖွဲ့ဝင်များအတွက် ကန့်သတ်ချက်များနှင့် သက်ဆိုင်သည့်အတွက် အပိုဒ်ခွဲ (စ) အဖြစ် ပြောင်းလဲပြင်ဆင်ပါသည်။ မူလပုဒ်မ ၇၂၊ ပုဒ်မ ၇၃ ပုဒ်မခွဲ (က)၊ (ခ)တို့အား ပယ်ဖျက်ပါသည်။ မူလပုဒ်မ ၇၃ ပုဒ်မခွဲ (ဂ) သည် ပြောင်းလဲသည့် ပုဒ်မ၏ ပုဒ်မခွဲ(က) ဖြစ်သွားပါသည်။ မူလပုဒ်မ ၇၃ ပုဒ်မခွဲ (င)နှင့် (စ) တို့အား ပြောင်းလဲသည့်ပုဒ်မ၏ ပုဒ်မခွဲ (ဂ)၊ (ဃ)အဖြစ် စကားရပ်များ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပါသည်။ မူလပုဒ်မ ၇၄ ပုဒ်မခွဲ (က)နှင့် (ခ)တို့အား ပြင်ဆင်ချက် ပုဒ်မ ၁၃ အဖြစ် ပြောင်းလဲပြင်ဆင်ပါသည်။ မူလပုဒ်မ ၇၅၊ ၇၆ နှင့် မူလပုဒ်မ ၇၇ ပုဒ်မခွဲ (ခ)၊ (ဃ)၊ (င) တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်ပါသည်။ မူလပုဒ်မ၇၈၊ ၇၉၊ ၈၀၊ ၈၁ နှင့် ပုဒ်မ ၈၃ ပုဒ်မခွဲ (ခ)တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ပြီး ပုဒ်မခွဲ (က) အား ပယ်ဖျက်ပါသည်။ မူလပုဒ်မ ၈၄ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)နှင့် မူလပုဒ်မ ၈၅ တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ခဲ့ပြီး ပုဒ်မ ၈၄ ပုဒ်မခွဲ (င) အား အသစ်ဖြည့်စွက်ပါသည်။

(၁၅) မူလ အခန်း(၁၄)အားအခန်း(၄) အဖြစ် ပြင်ဆင်ပြီး မူလပုဒ်မ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၇ ပုဒ်မခွဲ (ခ)၊ (ဂ) တို့အား စကားရပ်များ ပြင်ဆင်ဖြည့်စွက်ခြင်း၊ မူလပုဒ်မ ၉၈ ပုဒ်မခွဲ (က)အဖြစ် အသစ်ဖြည့်စွက်ပြီး မူလပုဒ်မ ၉၈ အပိုဒ်ခွဲ (ခ)၊ (ဂ)တို့အား (ခ)၊ (ဂ)၊ (ဃ)အဖြစ် ပြင်ဆင်ဖြည့်စွက်ပါသည်။

(၁၆) အခန်း (၁၅) စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခြင်းအဖြစ် အသစ်ထပ်မံဖြည့်စွက်၍ မူလပုဒ်မ ၂၁၊ ၄၅၊ ၄၆ တို့အား ခေါင်းစဉ်နှင့် ဆီလျော်မှုရှိစေရန် ပြင်ဆင်ချက် ပုဒ်မ ၉၆၊ ၉၇၊ ၉၈ အဖြစ် ပြောင်းလဲ ပြင်ဆင်ခဲ့ပါသည်။

(၁၇) မူလအခန်း(၁၅)အား အခန်း(၁၆) အဖြစ် ပြင်ဆင်ပြီး မူလ ပုဒ်မ ၉၉ ပုဒ်မခွဲ (ခ) အား ပယ်ဖျက်ပါသည်။ မူလပုဒ်မ ၁၀၀ နှင့် ၁၀၁ အား စကားရပ်များ ပြင်ဆင်ပြီး ပြင်ဆင်ချက် ပုဒ်မ ၁၀၁ အား အသစ်ထပ်မံဖြည့်စွက်ပါသည်။

(၁၈) မူလအခန်း(၁၆)အား အခန်း (၁၇) အဖြစ် ပြင်ဆင်ပြီး၊ မူလပုဒ်မ ၁၀၂၊ ၁၀၃၊ ၁၀၄ တို့အား စကားရပ်များပြင်ဆင်ဖြည့်စွက်ပြီး ပြင်ဆင်ချက် ပုဒ်မ ၁၀၅ အား အသစ်ထပ်မံ ဖြည့်စွက်ပါသည်။

(၁၉) မူလအခန်း(၁၇)အား အခန်း (၁၈) အဖြစ် ပြင်ဆင်ပြီး မူလပုဒ်မ ၁၀၆၊ ၁၀၇၊ ၁၀၉၊ ၁၁၄၊ ၁၁၆ တို့အား စကားရပ်များပြင်ဆင်ဖြည့်စွက်ပြီး ပြင်ဆင်ချက် ပုဒ်မ ၁၁၉ အား အသစ် ထပ်မံဖြည့်စွက်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်း၌ အခန်း ၁၇ ခန်း နှင့် ပုဒ်မပေါင်း ၁၁၆ ခုရှိရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များနှင့် ဤဥပဒေအား ကိုယ်တိုင်လက်တွေ့အကောင်အထည်ဖော်မည့် ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆင့်ဆင့် စိစစ်ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ပြင်ဆင်ပြီး ဥပဒေကြမ်းတွင် အခန်း ၁၈ ခန်းနှင့် ပုဒ်မပေါင်း ၁၁၉ ခု ရှိခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အတည်ပြုနိုင်ပါရန် လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျင်းပပြုလုပ်နေတဲ့ လွှတ်တော် အစည်းအဝေးများမှာ ဘဏ်ဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ SEZ လို့ခေါ်တဲ့ Special Economic Zone ဥပဒေ၊ ဆက်သွယ်ရေးဥပဒေများကို ပြီးစီးအောင် ဆောင်ရွက်ဖို့ လျာထား သတ်မှတ် ထားပါတယ်။ ဒါ့အပြင် အခြားအရေးကြီးဥပဒေ ၃ ခုကိုလည်း ဆောင်ရွက်ဖို့ ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ယနေ့တော့ ပြည်သူ့လွှတ်တော်ကို မြန်မာနိုင်ငံသားများ

ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ဘဏ်ဥပဒေဆွေးနွေးဖို့ ရောက်ရှိလာပါတယ်။ ဒီလိုရောက်ရှိလာဖို့အတွက် လည်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်တွေ ပြန်ကြည့်မယ်ဆိုရင် လွှတ်တော်အစည်းအဝေးစတင်တဲ့ ၉-၁-၂၀၁၃ ကစတင် ဆွေးနွေးခဲ့တဲ့နေရာမှာ ဥပဒေကြမ်းကော်မတီ၊ ဘဏ်များနှင့်ငွေရေးကြေးရေး ကော်မတီ၊ အခြားဆက်စပ်ကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မရှင်များနှင့် အခြားစိတ်ဝင် စားတဲ့ ပုဂ္ဂိုလ်များကိုခေါ်ယူပြီးတော့ ဥပဒေကြမ်းကော်မတီနှင့် ဆွေးနွေးညှိနှိုင်းအဆိုပြုတင်ပြထား တာ ဖြစ်ပါတယ်။ ဒီအရေးကြီးတဲ့ဥပဒေကို အခုလို ပြီးမြောက်အောင်၊ ပြီးမြောက်အောင်ဆိုတာ အဆိုပြုတင်ပြနိုင်အောင် ဆောင်ရွက်ပေးနိုင်တဲ့အတွက်လည်း သက်ဆိုင်ရာကော်မတီနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ကြောင်းပြောရမှာ ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ကျန်တဲ့ဥပဒေ များကိုလည်း အချိန်မီလွှတ်တော်က အတည်ပြုပေးနိုင်အောင် သက်ဆိုင်ရာကော်မတီများက ဆက်လက်တင်ပြပေးဖို့ လိုပါမယ်။ ဒီဥပဒေများကို အတည်ပြုဆောင်ရွက်ကြမှသာ၊ ဆောင်ရွက်နိုင်မှ သာ လွှတ်တော်က အတည်ပြုလိုက်တဲ့ FDI အပါအဝင် အခြားဥပဒေများ ပြီးစီးမှသာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများလာမှာဖြစ်ပါတယ်။ ဒီလိုလာတဲ့အခါမှာ ယနေ့တင်ပြတဲ့ ဗဟိုဘဏ်ဥပဒေဟာလည်း အင်မတန်မှအရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ဒါကို အလေးအနက်ထားဆောင်ရွက်ဖို့လည်း လိုပါတယ်။ ကျန်တဲ့ဥပဒေများကိုလည်း တင်ပြနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ ဒီနေ့ လွှတ်တော်အစည်းအဝေးများကို မနက်ပိုင်းမှာပဲ ဆောင်ရွက်ပြီး နေ့လယ်ပိုင်းမှာ ကော်မတီများ အစည်းအဝေးဆောင်ရွက်နိုင်ဖို့ဆိုတာ ဒီဥပဒေများကို ပြဋ္ဌာန်းနိုင်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိတဲ့ ကော်မတီများနှင့် စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်များအနေနဲ့လည်း အခု ပြဋ္ဌာန်းပေးမယ့် ပြဋ္ဌာန်းရန် ကျန်ရှိတဲ့ဥပဒေများမှာ သွားရောက်ပြီးတော့ လွှတ်တော်ရဲ့ပြင်ပမှာ ဆွေးနွေးဖို့ လိုပါတယ်။ အဲ့ဒီလို ဆွေးနွေးမှသာ လွှတ်တော်အတွင်းရောက်လာတဲ့အခါမှာ ဒီဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ရှေ့ဆက်လက် ပြဋ္ဌာန်းမယ့်ဥပဒေများနှင့်ပတ်သက် ပြီးတော့ လွှတ်တော်အတွင်းမှာ မဆွေးနွေးခင် လွှတ်တော်အစည်းအဝေးခန်းမပြင်ပမှာ သက်ဆိုင်ရာ ကော်မတီများက ပါဝင်ဆွေးနွေးလိုသူများကို ဖိတ်ခေါ်တဲ့အခါမှာ ပါဝင်ဆွေးနွေးကြပါ။ အဲလိုမှ မဆွေးနွေးပဲ လွှတ်တော်ထဲရောက်မှ တင်ပြချက်လာမယ်ဆိုရင် လွှတ်တော်အတွက်လည်း အခက်အခဲ ရှိမှာ ဖြစ်သလို အဲ့ဒီတင်ပြချက်များဟာလည်း သာမန်အားဖြင့်တော့ ဥပဒေကြမ်းကော်မတီက ကန့်ကွက်ဖို့ပဲရှိတယ်ဆိုတာလည်း ကြိုပြီးတော့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်း ကော်မတီက သက်ဆိုင်ရာဥပဒေများနှင့်ပတ်သက်ပြီးတော့ ခေါ်ယူဆွေးနွေးတဲ့အခါမှာ စိတ်ဝင်စားတဲ့

ပုဂ္ဂိုလ်များ၊ တကယ်ဥပဒေကိုပြဋ္ဌာန်း ပြင်ဆင်လိုတဲ့ပုဂ္ဂိုလ်များ သွားရောက်တက်ရောက်ဖို့လည်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ထို့နည်းတူစွာပဲ ဒီလိုဥပဒေများကို ပြင်ဆင်ဖို့၊ ပြဋ္ဌာန်းဖို့၊ ပယ်ဖျက်ဖို့ဆိုတဲ့နေရာမှာ အဓိကတာဝန်ရှိတဲ့ အဖွဲ့အစည်းကတော့ သက်ဆိုင်ရာဥပဒေများကို ကိုင်တွယ်ကျင့်သုံးရမယ့်ကော်မတီများက အဓိကတာဝန်ရှိပါတယ်။ ဒီကော်မတီများကို ဥပဒေကြမ်း ကော်မတီနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ကူညီ ပေးမှာဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများကလည်း အပြန်အလှန်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအသိနဲ့ ဆောင်ရွက်ရမယ့်ကိစ္စရပ်များကို အားလုံးဝိုင်းဝန်းဆောင်ရွက် ပေးဖို့လိုကြောင်း လွှတ်တော်ကတစ်ဆင့် သက်ဆိုင်သူများကို တင်ပြပါတယ်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာ ပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၄-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]